mgyoe.com

ဂျက်
ကျွမ်းခြေကုန်း

# ဆင်တစ်ကောင်
# မြင်းတစ်ကောင်



mgyoe.com

mgyoe.com

ဂျက်

ကျွမ်းခြံကုန်း

ဆင်တစ်ကောင်

မြင်းတစ်ကောင်



MTC0021
3,000.00 KS

mgyoe.com

mgyoe.com

မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် - ဖေသစ်တည်
ထုတ်ဝေသူ - ဒေါ်အိဝတ်ရည်ထွန်း၊ DUTY (ဂျူတီ)စာပေ၊ (၀၂၀၇၇)၊ လှိုင်၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးစန်းဦး၊ SKCC PRESS (၀၀၄၁၃)၊ မဆိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊
ရောင်းဈေး ၃၀၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ


■ အမှာစာ (က)

၁။ ကိုကြီးကျော်နဲ့ အခါကြီးရက်ကြီး ၁

၂။ အနုပညာဆိုတာ အတ်၊ အနို့သော် ဘတ် ၆

၃။ ဖွတ်တွေဖိတ်တဲ့ပွဲ ၁၁

၄။ ရဂုံတစ်ပိုက်မှာဖြင့် အကုန်ဝရိုက် (Right) ၁၆

၅။ တောမှာဆောင်တဲ့ မင်္ဂလာ ၂၁

၆။ တို့အရေးဂနိုင် တို့အရေးမြိုင် ၂၇

၇။ တောညဏ်တွေ ကွန့်ကာမြူးပါလို့ ၃၁

၈။ ဖွတ်နှင့် ရောမအကောင်ကြီးများ ၃၆

၉။ တောသဘာဝနဲ့ ဩကာသလိုက်ကြခြင်း ၄၁

၁၀။ သောကကုဋ္ဌေကုဋ္ဌာနဲ့ တောကဋ္ဌေအသပြာ ၄၆

၁၁။ ထန်းသမားကို လွမ်းသလား ၅၀

၁၂။ တောနဲ့ဝေးရာ၌ နဖူးနဲ့ဒူးကို တိုက်ကြခြင်း ၅၅

၁၃။ တောမှာခွဲတဲ့ မဲ ၅၉

၁၄။ ရင်ဘတ်အစား ဝမ်းဗိုက်၊ ၁၀ လက်မအစား ၈ လက်မ ၆၅

၁၅။ ထောင်တံခါးဆယ်ချပ်ပွင့်လေပြီ ၆၈

၁၆။ ကျီးကန်းအကောင်တစ်သိန်း တစ်ပြိုင်နက်အာစေ ၇၃

၁၇။ ဤနေရာ၌ ရယ်၍ ထိုနေရာ၌ ငိုစေ ၇၆

၁၈။ ပဥ္စလက်ဆန်တဲ့ တော ၈၃


mgyoe.com

mgyoe.com
၁၉။ တောတစ်ဝန်းမှာဖြင့် မလောစတမ်း ၈၇
၂၀။ ကိုယ်တိုင်ရေးပုံတူ အတ္ထုပ္ပတ္တိ မကျဉ်းမကျယ် ၉၃
၂၁။ ကမ္ဘာပျက် ခွဲတမ်း ၉၇
၂၂။ ခပ်ဆင်ဆင်ရယ်ပါ တောဘိုင်စကုပ် ၁၀၂
၂၃။ လျှာထွက်အောင်ဟောပါလို့ ၁၀၇
၂၄။ ရွာအုံ့ရွာလတ္တံ့သော မိုးတွေ ၁၁၂
၂၅။ မကျက်တကျက် မနူးမနပ် တောရဂုံမှာ ၁၁၆
၂၆။ ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား နဖားကြိုး ၁၂၀
၂၇။ တောစည်တဲ့ လောကီ ၁၂၅
၂၈။ အပြောခက်တဲ့ တောနားရွက် ၁၂၉
၂၉။ သောက်ကျိုးမနည်းပါရစေနဲ့ ဇောက်ထိုးငနဲ ၁၃၄
၃၀။ ကေသရာဇာနဲ့ မြက် ၁၃၉
၃၁။ မယုံအပ်တဲ့ ရဂုံအရပ် ၁၄၃
၃၂။ သင် ဘာကြောင့် ခုထိ မဆင်းရဲသေးတာလဲ ၁၄၈
၃၃။ စုံနံ့သာမြိုင်ကတော့ စားတယ်ဗျာ ၁၅၃
၃၄။ အပဟိတ်တိရစ္ဆာန်တို့ရဲ့ အမူသွားအမူလာ ၁၅၉
၃၅။ ကျွန်ုပ် တက်ရောက်ချီးမြှင့်ခဲ့ရသည့် တောပွဲများ ၁၆၃
၃၆။ အရွယ်ကောင်းတွေ အဘယ်ပြောင်းသွားပါလိမ့် ၁၆၈
၃၇။ တောကု ကုကြလေသောအခါ ၁၇၂
၃၈။ ရဂုံတစ်ခုလုံးက ဂုဏ်ပြုမဆုံးပါပြီ ၁၇၇
၃၉။ လက်သုံးတော်ဓားကိုလ ယောင်မှားလို့ကိုင် ၁၈၁
၄၀။ မငိုပါနဲ့ ဆင်ကြီးရာ ၁၈၆
၄၁။ တောသတ္တဝါတို့ရဲ့ ထင်ရာမြင်ရာများ ၁၉၀
၄၂။ ဘေးမသန်းဘဲ အေးချမ်းလုနီးပါပြီ ၁၉၅
၄၃။ အိတ်သွန်၍ ဖာမှောက်သူတို့၏ တောရဂုံ ၁၉၉
၄၄။ ဝေါဟာရတွေနဲ့ တောသဘာဝ ၂၀၄
၄၅။ စုံနံ့သာမြိုင်၌ ခွဲသောမဲ ၂၀၈

× × ×

mgyoe.com

mgyoe.com

# ဆင်တစ်ဖက် မြင်းတစ်ဖက် အမှာစကား

ကျွန်တော်တို့ငယ်ငယ်က အသွားအလာ၊ အနေအထိုင်၊ အပြောအဆို၊ အဝတ်အစား၊ အပြင်အဆင်၊ အခင်းအကျင်း၊ အလုပ်အကိုင်၊ အမြီးအမောက်မတည့်ဘဲ အစပ်အဟပ် လွဲချော်နေခဲ့သော် လူကြီးသူမတို့ ဝေဖန်အပြစ်ဆိုနေကျ စကားတစ်ခွန်း ရှိပါသည်။ နင်တို့ဉစ္စာ ဆင်တစ်ဖက် မြင်းတစ်ဖက်ဟယ် ဟူ၍။

ကျွန်တော်တို့ လူ့အဖွဲ့အစည်းက ဆင်တစ်ဖက် မြင်းတစ်ဖက်ကြီးများ ဖြစ်နေလေရော့သလားမသိ။ ဆင်တစ်ဖက် မြင်းတစ်ဖက်လောကကို ပြောပြဖို့ရာအတွက် သရော်စာ (Satire) ပုံသဏ္ဌာန်က အဆင်အပြေဆုံးဖြစ်မည်ထင်ပါသည်။

သို့ဖြင့် သရော်စာတွေ 7 Day Daily ၌ ရေးဖြစ်ပါသည်။

၁။ တောပါးစပ်

၂။ တောစန္ဒရား

၃။ တောကြီးထဲမှာကတော့ ဆောရီးပဲ

၄။ ပြောစမှတ်ဆန်းတဲ့ တောဓာတ်လမ်း

၅။ တောပြော တောင်ပြော

၆။ မောတယ်ကွဲ့ တောအလယ်

၇။ အိုင်ကျွန်ုပ်နှင့် မြိုင်အရှုပ်

စသည့် စာအုပ်များ စုစည်းထုတ်ဝေနိုင်ခဲ့ပါသည်။ ယခု 'ဆင်တစ်ဖက် မြင်းတစ်ဖက်'။

mgyoe.com

mgyoe.com

လူတွေရှိသမျှ ဆင်တစ်ဖက် မြင်းတစ်ဖက်ကိစ္စတို့က ရှိနေမည်သာ။ သည်တော့လည်း ရယ်ရွှင်ပြုံးတုံ့ မပြုံတုံ့ ဖြစ်ကြရစမြဲ။ တစ်ခါ တစ်ခါ လောကကို ရွှင်မြူးသောစိတ်ဖြင့် ကြည့်ဖို့ရာ လိုအပ်သည်ထင်ပါသည်။

ဒုတိယကမ္ဘာစစ်တွင် ထင်ရှားသည့် အမေရိကန်ဗိုလ်ချုပ်ကြီး ဒေါက်ဂလပ်စ်မက်အာသာ (Douglas MacArthur) က သူ့သားကို ထိုက်သင့်သလောက် ဟာသဓာတ်ခံရှိစေချင်သတဲ့။ တော်ဖလာ (Toffler) ကလည်း ဟာသဓာတ်ခံ ရှိစေချင်သတဲ့။ မင်းသားကြီး ကပ်ဒေါက်စ်ဂလပ်စ် (Kirk Douglas) ကမူ ကိုယ့်ကိုယ်ကိုယ်ကိုယ်ပင် ပြန်ပြီး ဟားပစ်နိုင်ရလေမတဲ့။

ဩော် ... ဆင်တစ်ဖက် မြင်းတစ်ဖက်လောကကိုမှ မရယ်မောနိုင်ကြရင် ကျွန်တော်တို့လောက် သွေ့သွေ့ခြောက်ခြောက် ဖြစ်သူတွေ ကမ္ဘာပေါ်မှာ ရှိနိုင်သေးပါလေစဟူ၍သာ။ ။

**ဂျက်ကွမ်းခြံကုန်း**

ရန်ကုန်မြို့။

mgyoe.com

mgyoe.com



ကိုကြီးကျော် ရဲ့

# တချိုကြီး ရက်ကြီး ချက်ကျွမ်းခြောက်

mgyoe.com

mgyoe.com


# ကိုကြီးကျော်နဲ့ အခါကြီးရက်ကြီး

## (တစ်)

တောကြီးဆိတ်ညံဆိုတဲ့စကား ရှိသဗျ။ အဲဒါ မဲဇာတောင်ခြေအစချီတဲ့ ရတုကဗျာထဲက စကားလုံးကလေးပေါ့။ မဲဇာတောကြီးရဲ့သဘာဝကို ဖွဲ့ထားတာ။ လက်ဝဲသုန္ဒရအမည်ခံ ဦးမြတ်စံတစ်ယောက် မင်းပြစ်မင်းဒဏ်နဲ့ မဲဇာတောကြီးရှိရာဆီ အပို့ခံရတဲ့အခါ နေပြည်တော် ရတနာသိဃ်ရွှေဘိုမြို့ ရှိရာဆီ တမ်းတမှန်းဆ လွမ်းရပါကြောင်း ရတုကဗျာဖွဲ့သီလို့ ရင်ဖွင့်လေသောအခါ အဲသည်ကဗျာထဲမှာ အခုပြောခဲ့တဲ့ တောကြီးဆိတ်ညံဆိုတဲ့ စကားလုံး ပါလေသပေါ့။ အဲဒါ တိတ်ဆိတ်တာကို ပြောတာလေတဲ့ခင်ဗျ။ ညံဆိုတာကို တွေ့တာနဲ့ ဆူညံတယ်ဆိုပြီး အဓိပ္ပာယ်အကောက်အယူ မစောလိုက်လေနဲ့။

အနို့ဟာက ကုန်းဘောင်ခေတ်က စကားလုံး။ ကုန်းဘောင်ခေတ်က အနက်။ ကုန်းဘောင်ခေတ်က အဓိပ္ပာယ်။

အဲ... အခုကျတော့ ညံတာက အနက်တစ်မျိုးထွက်သွားပြီ။ ဆူတာ။ မတိတ်ဆိတ်တာ။ ပွက်လောရိုက်တာ။ တောကြီးဆူညံလို့ ပြောင်းသုံးရတော့မယ် ထင်ပါရဲ့။

အခု ပစ္စက္ခမှာ တစ်လောကလုံး ဩချမဆုံးအောင် အမှုပွေလှတဲ့ နာမည်ကျော်စုံနံ့သာမြိုင်တောကြီးကို ရတုဖွဲ့ရရင် တောကြီးဆူညံလို့ပဲ သုံးရမှာပါ။ ဆယ့်နှစ်လရာသီပတ်လုံး အုန်းအုန်းကျွက်ကျွက်နဲ့ ဆူညံပွက်ထကာ သာယာဝေစည်တဲ့ ဘာညာရွှေပြည်ကြီး ဖြစ်လို့နေတာကိုး။

စုံနံ့သာမြိုင်မှာ ပွဲလမ်းသဘင် မရှိတဲ့ လ ရယ်လို့ မရှိ။ သတ္တဝါတွေ၊

mgyoe.com

mgyoe.com


သတ္တဝါတွေဆိုတာ ကကြိုခုန်ကြ၊ ပျော်ကြပါးကြ။ အထိမ်းအမှတ်တွေနဲ့ ဒိန်းတပ်တပ် ဒိန်းတပ်တပ်နဲ့ဆိုပြီး ဖြစ်နေခဲ့ကြတာ။ တစ်ကျော့တစ်ချိမှ မနားတဲ့ လော်စပီကာ (Loud Speaker) တွေနဲ့ တောယံမှာ သောည်လို့။

ဒါကြောင့် တောကြီးဆူညံ။

(နှစ်)

တစ်ရက်တော့ မျောက်သုံးကောင် ဂျက်ကွမ်းခြံကုန်းနေတဲ့ လူ့ရွာထဲ ရောက်လာကြပါလေရော။ ရေးကြီးသုတ်ပျာကြီးရယ်။ လက်ထဲမှာလည်း တိရစ္ဆာန်အသပြာအထပ်လိုက်နဲ့။

တောထဲက သတ္တဝါတွေ ဂျက်ကွမ်းခြံကုန်းနဲ့ အကူးအလူး အဆက် အဆံရှိတာ အားလုံးအသိ။ လိုအပ်တာကလေးတွေရှိရင် လူ့ရွာထဲရောက် လာ၊ တိရစ္ဆာန်မန်းနီးနဲ့ လူမန်းနီး လဲလှယ်၊ ကောင်းနိုးရာရာကလေးတွေ ရွေးချယ် ဝယ်ခြမ်း ပြန်သွား။ လူ့ရွာနဲ့ တိရစ္ဆာန်ကမ္ဘာ ရီလေးရှင်း (Relation) ရှိတာ ဘာမှမဆန်းကြယ်လှ။ အခုတော့ ကြည့်။ ဘယ့်နှာဖြစ်တယ် မသိ။ မျောက်သုံးကောင် ဒရောသောပါး။

"ဝိစကီ... ဝိစကီ... ဝိစကီ" တဲ့။

ဂျက်က "နေပါဦး အဆွေတို့ပြောတဲ့ ဝီစကီဆိုတာက ဘဇာကိုပြော နေတာတုံး။ အရက်ကို ပြောနေတာလား" လို့ မေးရပါတယ်။ သည်တော့မှ မျောက်သုံးကောင်လုံးက အရက်ကို မော့သောက်တဲ့ဟန်ပန်မျိုး လုပ်ပြကာ...

"ဟုတ်တယ်... အရက်၊ ဝီစကီ" တဲ့။

သင်းတို့က ဝီစကီလာဝယ်ကြတာခင်ဗျ။ ၁၀ ပုလင်းရရ၊ ပုလင်း ၂၀ ရရတဲ့။ ဝီစကီဆို ပြီးရောဆိုလား။ စုံနံ့သာမြိုင်မှာ အရက်ပြတ်သွား လို့ ဆိုပါတော့။

"အဆွေတို့တောက အရက်တောင် ပြတ်သွားရတယ်လို့"

ဂျက်က အနို့ကလို အပြစ်ငွေ့ငွေ့ကလေးတင်တော့ မျောက်တွေက ခံချင်ပုံမရပါဘူး။

"အခါကြီးရက်ကြီးလေ ဆရာဂျက်ရဲ့။ ဘုရားလောင်းမျောက်မင်းနေ့

mgyoe.com

mgyoe.com


အမှတ်တရပွဲ ကျင်းပနေတာ။ လိုက်ပါရှုစားလှည့်ပါဦး” တဲ့။

ဝီစကီပုလင်းတွေ လိုသလောက် ဝယ်ယူပြီးတဲ့နောက် မျောက်သုံးကောင် စုံနံ့သာမြိုင်ကိုပြန်တဲ့အခါ ဂျက်လည်း ဗဟုသုတကလေးလိုချင်တာနဲ့ အတူလိုက်သွားမိပါရဲ့။

ဟုတ်သဗျ။ စည်လိုက်တာ။ တစ်တောလုံးက သတ္တဝါတွေ ညီလိုက်တာများ။ မော့တဲ့အကောင်က မော့၊ မူးတဲ့အကောင်က မူး။ ကခုန်ပျော်ပါးရင်း လှည့်လည်သွားတဲ့အခါ ဆောင်းဘောက်စ်(Song Box)တွေက အပြိုင်အဆိုင်။ ဘုရားလောင်းမျောက်မင်းနေ့ အထိမ်းအမှတ်နေ့။ ဒိန်းဒိန်း ဒိန်းဒိန်းနဲ့။

“ကိုကြီးကျော်× × × ကိုကြီးကျော် × × × တို့ကိုကြီးကျော်× × × ထူးလည်းထူးတယ်× × × မြူးလည်းမြူးတယ်× × × တို့ ကိုကြီးကျော်”

ပွက်ပွက်ညံနေတဲ့ သီချင်းသံကြားထဲမှာ ခြသေ့်နဲ့ မြွေခွေးက တစ်ကောင့် လည်ပင်းကို တစ်ကောင်ဖက်ကာ ပုလင်းကိုယ်စီမော့လို့။ သူတို့ကိုဝန်းရံထားတဲ့ သတ္တဝါတွေကလည်း ဝီစကီနံ့တထောင်းထောင်းမှာ ယိမ်းထိုးလို့။ ခုန်ခုန်ပြီး ကနေလိုက်ကြတာများဆိုတာ။ မျောက်မင်းပုံ ပိုစတာတွေကို ကိုင်မြှောက်တဲ့သတ္တဝါက ကိုင်မြှောက်လို့။

ဂျက်ကွမ်းခြံကုန်းဆီ ရောက်လာပြီး ဝီစကီလာဝယ်တဲ့ မျောက်သုံးကောင်က “ဘယ့်နှယ့် ဘုရားလောင်းမျောက်မင်းနေ့ အမှတ်တရပွဲလေး မစည်ဘူးလား” တဲ့။

ဂျက် ပြန်လာတော့ သူတို့က ဗီဒီယိုခွေလေးတစ်ခွေတောင်မှ လက်ဆောင် ပေးလိုက်သေး။

## (သုံး)

လက်ဆောင်ပေးလိုက်တဲ့ အခွေက ဘာအခွေမှတ်သတုံး။ စုံနံ့သာမြိုင်တောထဲမှာ ဘုရားလောင်းဒေါင်းမင်းနေ့ ကျင်းပတုန်းက ရိုက်ထားတဲ့အခွေ။

ဒေါင်းရုပ်ကြီးကိုကိုင်လို့ တောသတ္တဝါတွေ ကခုန်ပျော်ပါး မူးရူးအော်ဟစ်ကာ တောကို လှည့်လည်နေတဲ့အခွေ။ ဖုန်တောထဲမှာ လူးတဲ့သတ္တဝါက လူးလို့။

mgyoe.com

"ကိုကြီးကျော်× × × ကိုကြီးကျော်× × × တို့ကိုကြီးကျော်× × × ထူးလည်းထူးတယ်× × × မြူးလည်းမြူးတယ်× × × တို့ကိုကြီးကျော်"

ပျော်စရာကောင်းလိုက်တာ။ သီချင်းသံက ဒိန်းဒိန်းညံ့ကာ ဟိန်းဟိန်း လျှံလို့။ သတ္တဝါတွေ တစ်တောလုံး လမ်းပေါ်မှာ ရုံးရုံး ရုံးရုံးနဲ့။ ၁၀ ကောင်မှာ ကိုးကောင်က မူးပြီးသားတွေချည်းပဲ။ တချို့ ခါးကြားမှာ ဝီစကီပုလင်းကို ထိုးလို့။ တောခွေးဆိုရင် သူ့ပုဆိုးတောင်မှ သူမနိုင်ဘူး။ ကျွတ်ကျသွားလိုက်၊ ကောက်ဝတ်လိုက်။ ဘုရားလောင်း ဒေါင်းမင်းကို အမှတ်ရသောအားဖြင့် ကျင်းပတဲ့ပွဲပေကိုး။

ဟော... ကြည့်။ မူးနေတဲ့သတ္တဝါအချင်းချင်း ခြသေ့်နဲ့ ကျားနဲ့ ဝင်တိုက်မိမလိုဖြစ်ရာက မာန်ဖီကာ ကိုက်မယ် ခဲမယ်လုပ်တော့ ဘေးက ဝိုင်းဆွဲထားကြပြန်ပါလေရော။

"ကိုကြီးကျော်× × × ကိုကြီးကျော်× × × တို့ကိုကြီးကျော်× × × ဟော့၊ ထူးလည်းထူးတယ်× × × မြူးလည်းမြူးတယ်× × × တို့ ကိုကြီးကျော်"

တောထဲက လက်ဆောင်ပေးလိုက်တဲ့ ဘုရားလောင်းဒေါင်းမင်း အမှတ်တရပွဲ ဗီဒီယိုခွေကလေး ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတုန်း ဧည့်သည်ဆိုတာနဲ့ ထွက်တွေ့တော့ တောခွေးသုံးကောင်။ ပိုက်ဆံအိတ်တွေ ချိုင်းကြားညှပ်လို့။

"အခါကြီးရက်ကြီး နီးလာပြီ ဆရာကြီးဂျက်ရဲ့။ ဝီစကီလာစုတာ။ နောက် သုံးလေးရက်ဆို ဘုရားလောင်းဆင်မင်းနေ့ အမှတ်တရလုပ်တော့မှာ။ တောမှာ သီချင်းတောင်တိုက်နေကြပြီ။ ဟဝ့်လေဗျာ။ ကိုကြီးကျော် × × × ကိုကြီးကျော်× × × တို့ကိုကြီးကျော် ဆိုတာလေ"

ဘုရားလောင်းဆင်မင်းနေ့ လာဦးမတဲ့။ သတ္တဝါတွေ။ အခါကြီးရက်ကြီးအတွက် အလေးအနက်ထားလိုက်တာ။ အရက်တွေ ကြိုစုကြပြန်ပေါ့။ ကိုကြီးကျော်သီချင်း တိုက်ကြပြန်ပေါ့။

အပါယ်လေးပါးထဲမှာ တိရစ္ဆာန်ဆိုတဲ့ အပါယ်တစ်ပါးထဲ ကျရောက်နေပေမဲ့ အခါကြီးရက်ကြီးကို ဘယ်တော့မှမမေ့ကြဘူး။ ရောက်ဦးမှာ၊ နိဗ္ဗာန်။ ။

mgyoe.com

mgyoe.com


## အနုပညာဆိုတာ အတ်၊ အနို့သော် ဘတ်

### (တစ်)

တိရစ္ဆာန်တွေက မျက်ရည်ကျတတ်ကြသလားခင်ဗျ။ ကရိုကိုဒိုင်း တီးယား (Crocodile Tears) ဆိုတဲ့ စကားလုံးကလေး ကြားဖူးနားဝရှိထားလို့။ တိုက်ရိုက်ကတော့ မိကျောင်းမျက်ရည်ပေါ့။ သွယ်ဝိုက်ပြီး အနက်အဓိပ္ပာယ် ကောက်ယူလိုက်တော့ ဟန်ဆောင်မျက်ရည်ဆိုလား။ ထားပါ။ သူ့ဘာသာ သူ ဟန်ဆောင်ပြီးပဲ ကျကျ၊ တကယ်ပဲ ကျကျ မိကျောင်းက မျက်ရည်ကျ ပြီဆိုမှတော့ တိရစ္ဆာန်တွေဟာလည်း ငိုတတ်လို့ပဲ ဖြစ်ရပေမှာပေါ့။

ကျွဲတွေ၊ နွားတွေလည်း တစ်ခါတစ်ခါမှာ မျက်ရည်တွေ စီးကျနေ တာမျိုး တွေ့ဖူးတယ်။ ကိုယ့်ရပ် ကိုယ့်ရွာကို လွမ်းလို့လား၊ ကိုယ့်သား ကိုယ့်သမီးနဲ့ ခွဲရလို့လား၊ ကိုယ့်ကို သားသတ်ကုန်းဆီ ခေါ်သွားတာခံနေရလို့ လားမသိ။ ကျွဲကြီးတွေ၊ နွားကြီးတွေခမျာ မျက်ရည်တွေစီးကျလို့။ အဲဒါဟာ ငိုတတ်လို့ပဲ ဆိုရမှာပါပဲ။

အဲ... ဆင်တွေလည်း ငိုတတ်ပုံရသဗျ။ အဲဒါကတော့ ဂျက်ကွမ်းခြံ ကုန်း မျက်မြင်ကိုယ်တွေ့။ ဆင်ကြီးက ရှိုက်ရှိုက်ပြီးတော့ကို ငိုတာ။ ပြော လည်း ပြော၊ ငိုလည်းငို၊ ပြောငို။ တောမှာရိုက်တဲ့ ဗီဒီယိုဓာတ်ရှင် ဇာတ်ကား ကလေး တစ်ကားထဲမှာ ဝင်ပြီးသရုပ်ဆောင်လိုက်တာဆိုလား။ အဲသမှာ ငိုဖို့ရာအကြောင်းတွေ ဖန်လာတော့တာပါပဲတဲ့။

mgyoe.com

mgyoe.com


## (နှစ်)

စုံနံ့သာမြိုင်ကလည်း အခုနောက်ပိုင်းမှာ ဘဇာရောဂါထတယ် မသိပါဘူး။ ကိုရီးယားရုပ်ရှင်ကားတွေ ကြည့်လိုက်၊ ဂျပန်ရုပ်ရှင်ကားတွေ ကြည့်လိုက်၊ ထိုင်းရုပ်ရှင်ကားတွေ ကြည့်လိုက်၊ ဖိလစ်ပိုင်ရုပ်ရှင်ကားတွေ ကြည့်လိုက်နဲ့ ငါတို့တိရစ္ဆာန်ရုပ်ရှင်ဇာတ်ထုပ်တွေလည်း တစ်ခေတ်ဆန်းစေရမည်ဆိုလား၊ ဘာဆိုလား အသံတွေ ဟိုနားက ကျွက်ကျွက်၊ သည်နားက ကျွက်ကျွက်နဲ့ထွက်ပေါ်လာပြီးတဲ့သကာလ တိရစ္ဆာန်ရုပ်ရှင်ဗီဒီယိုသတ္တဝါ ကလေးတွေ သူကလည်း သူ့ဂရု(Group)နဲ့ ကိုယ်ကလည်း ကိုယ့်အစုနဲ့ ဆိုသလိုလှုပ်ရှားလာလိုက်ကြတာ နောက်ဆုံး ခုနကပြောခဲ့တဲ့ ဆင်ငိုတဲ့ဘဝကို ရောက်တာ။

ဆင်က တိရစ္ဆာန်ဗီဒီယိုကားတိုကလေးထဲမှာ ဝင်ပါတာလေ။ သဏ္ဍာန်လုပ် သရုပ်တူ အမူအရာက ကောင်းလွန်းသွားတော့ အဲသမှာ ဆင်မျက်ရည်ကျတာ။

## (သုံး)

ဇာတ်က အောင်ခြင်းရှစ်ပါးကိုယူပြီး ရိုက်တဲ့ဇာတ်။ ဂေါတမဘုရားရှင် လက်ထက်က ဇာတ်။ ဆင်က တတိယအောင်ခြင်းကိုရိုက်တဲ့ ဇာတ်ထဲမှာ ဝင်ပြီးသရုပ်ဆောင်တာ။

အားလုံးသိပြီးသားပါ။ သည်အဖြစ်တွေက ရာဇဂြိုဟ်ပြည်နားမှာဖြစ်တာ။ ဒေဝဒတ်က ခိုင်းတာ။ နာဠာဂီရိဆိုတဲ့ ဆင်ကြီးကို အရက်အမျိုးမျိုးတိုက်ပြီး ဘုရားကို နင်းခိုင်းတဲ့ဇာတ်။

ရိုက်ထားတာ သိပ်ပီပြင်တာပါပဲ။ တကယ့် ရာဇဂြိုဟ်မြင်ကွင်း။ တောတွေ၊ တောင်တွေနဲ့။ ဖုန်လုံးအလိပ်အလိပ်ကြီးတွေနဲ့။ ကောင်းကင်ကနီကြင့်ကြင့်။ ဒေါသရဲ့အရိပ်။

ဂေါတမဘုရားရှင် ဆွမ်းခံကြွလာမယ့်လမ်းကနေ ဒေဝဒတ်ကစောင့်ဆိုင်းကာ ဆင်ကြီးကိုအရက်တိုက်၊ နောက်ခံသီချင်းက သဟာယဆရာတင်ရဲ့ သီချင်းကလေးနဲ့။

mgyoe.com

mgyoe.com


"နာဠာဂီရိ× × × အမည်ရှိတဲ့ဆင်ကို× × × အရက်အမျိုးမျိုးတွေ × × × အတင်းတိုက်လို့သာ× × × ဘုရားမြတ်စွာကိုပင်× × × အနင်းခိုင်းလိုက်တာ × × × "

သရုပ်ဆောင်တဲ့ဆင်ကြီးက သိပ်ပီပြင်တာပဲ။ အရက်တွေကို မော့မော့ပြီး သောက်နေလိုက်တာ။ ဝီစကီတွေလည်းပါရဲ့။ ရမ်တွေလည်း ပါရဲ့။ ဘရမ်ဒီတွေလည်း ပါရဲ့။ ဂျင်တွေလည်း ပါရဲ့။ မျက်နှာကြီး ရှုံ့မဲ့သွားလိုက်၊ တံတွေးကို ပျစ်ခနဲ လှမ်းထွေးလိုက်။

"ဟော့... ငါ့ကို ဘာကောင်ထင်သတုံး။ My Name is နာဠာဂီရိကွ။ သေသွားမယ်၊ ရာဇဂြိုဟ်တစ်မြို့လုံး သေသွားမယ်။ No တရား၊ No ဘုရား၊ အကုန်လုံး အရိုးပြားသွားမယ် ထွမ်"

သရုပ်ဆောင်ဆင်ကြီးက သရုပ်ပါလွန်းတာမို့ စုံနံ့သာမြိုင်က ဗီဒီယို ရုပ်ရှင်ပရိသတ် သတ္တဝါတွေဆိုတာ လက်ခုပ်တွေ တီးကြ၊ လက်ခေါက်တွေ မှုတ်ကြ။ တောလျှံအောင် သောည်းလို့။

"ဟယ် ဂေါတမဘုရား အသင် သောကပွားသွားလေရော့"

တော်တော့်ကို အသက်ပါတဲ့ဆင်ကြီးပါ။ လူသာဆိုရင် အော်စကာတွေ၊ အကယ်ဒမီတွေ ချိတ်သွားနိုင်တဲ့ အက်တင် (Acting) တွေနဲ့ပေါ့။ အနို့ကလို မူးရူးသောင်းကျန်းနေတဲ့ဆင်ကြီးဟာ ဘုရားရှင်ရှေ့မှောက်မှာ ဒူးထောက်ဝပ်တွားသွားတာကတော့ ဂေါတမဘုရားရှင်ရဲ့ မေတ္တာတန်ခိုးတော်ပေပဲပေါ့။

သိပ်လှတဲ့ပြကွက်။ နောက်ခံတေးကလေးနဲ့။

"နာဠာဂီရိ× × × အမည်ရှိတဲ့ဆင်ကို× × × အရက်အမျိုးမျိုးတွေ × × × အတင်းတိုက်လို့သာ× × × ဘုရားမြတ်စွာကိုပင်× × × အနင်းခိုင်းလိုက်တာ× × × သို့ပါသော်လည်း× × × ဆင်မိုက်ကြီးမှာ× × × ဒူးတုပ်ရတာ× × × မေတ္တာဓာတ်နဲ့× × × ဗုဒ္ဓမြတ်စွာ× × × ဆောင်နှင်းခဲ့× × × အောင်ခြင်းတတိယပါ"

တကယ့်ကို အသည်းခိုက်တဲ့ ဗီဒီယိုဓာတ်ရှင်ဇာတ်ထုပ်ကလေးပါဗျာ။

mgyoe.com

mgyoe.com


အနို့သော်...။

ဟုတ်ကဲ့။ အဲသည့်အနို့သော်ကို ပြောချင်တာ။ သရုပ်ဆောင် ဆင်ကြီး မျက်ရည်ကျတယ်ဆိုတာလေ။ ငိုကြီးချက်မ ဖြစ်ရတယ်ဆိုတာလေ။

သည်လို...။

(လေး)

စုန့်သာမြိုင်တောထဲမှာ တောမိတောဖရယ်လို့ သတ္တဝါအများက လက်ခံထားကြတဲ့ ကျွဲကြီးတစ်ကောင်ရယ်၊ ဖွတ်ကြီးတစ်ကောင်ရယ်၊ ကြံ့ကြီး တစ်ကောင်ရယ်က နာဋ္ဌာဂီရိအဖြစ် အပီအပြင်သရုပ်ဆောင်သွားခဲ့တဲ့ ဆင်ကို ခေါ်ယူပြီး သွန်သင်ကွပ်ညှပ်ဆုံးမတယ်ဆိုလား။

"မင်းက... အရက်ကို မော့မော့ပြီး သောက်ပြနေတော့ နယူးဂျင်နရေးရှင်း တိရစ္ဆာန်လေးတွေ အတုယူမှားကုန်မှဖြင့်"

တောမိတောဖသတ္တဝါကြီးတွေက မျက်ထောင့်နီနီကြီးတွေနဲ့ အလိုမကျဟန်ပြကာ အပြစ်တင်လာခဲ့ပြီမို့ သရုပ်ဆောင်ဆင်ခမျာ မျက်လုံးချင်းဆိုင်ပြီး မကြည့်ရဲနိုင်ရှာဘဲ ခေါင်းငုံ့ကာ ပြန်လည်တင်ပြရှာပါရဲ့။

"ဘုရားရှင်ကို မူးရူးပြီး ပစ်မှားတဲ့ဆင်အဖြစ် သရုပ်ဆောင်ရတာပါ။ အနုပညာပါ။ အတ် (Art) ပါ ခင်ဗျာ"

"တော်တန်တိတ် အမောင် သရုပ်ဆောင် အနုပညာဟူသည် အတ် (Art) မှန်ပါတယ်။ အနို့သော် ဘတ် (But) တောသတ္တဝါတွေ အတုယူမှားကုန်မှာပေါ့ကွ"

စောင်းသံကို ဆူညံလှချည့်လားလကွာလို့ မြည်တွန်တောက်တီးဖူးတဲ့ ကျွဲကြီးက အင်္ဂလိပ်လိုညှပ်ကာ ဆင်ကို ငေါက်သဗျ။

"သဟာဆို အကျွန်က အရက်အမျိုးမျိုးသောက်ပြီး ရမ်းကားတဲ့ဆင်အဖြစ် ဘယ့်နှာသို့ သရုပ်ဆောင်ရမှာတုံးလဗျာ"

"ဟ... အအေးပုလင်း ကိုင်ပေါ့ကွ။ Orange ရှိတယ်၊ Lemon ရှိတယ်၊ Lime Juice ရှိတယ်၊ Lychee ရှိတယ်"

"ဒါဆို အနုပညာမြောက်ပါ့မလားလို့"

mgyoe.com

mgyoe.com


"ဟော့ကောင် အနုပညာဟူသည် အတ် (Art) အနို့သော် ဘတ် (But) လို့ ပြောထားတယ်လေ။ အတုယူမမှားဖို့ လိုသကွ။ စစ်ကားရိုက်တာတောင် သေနတ်တွေနဲ့ ငါတို့မကြိုက်ဘူး။ လက်ကလေးတွေနဲ့ ဒက်ဒက်ဒက်၊ ဒိုင်းဒိုင်းဒိုင်း လုပ်ကြပါတော့လား"

ငါ့အနားမှာ စောင်းလာမတီးနဲ့လို့ ဆိုဖူးတဲ့ ကွဲကြီးက နာဠာဂီရိ သရုပ်ဆောင်ဆင်ကို ခပ်မာမာကိုပဲပြောထည့်လိုက်တာပါ။

ဆင် ငြိမ်ကျသွားတယ်။ နာဠာဂီရိဇာတ်ရုပ်နဲ့ နာမည်ထွက်လာလို့ တောဒါရိုက်တာတွေ ကမ်းလှမ်းသမျှ အပြုခံလာရတဲ့ ဆင်။ တောသတ္တဝါကြီး တစ်သိုက် မနောခိုက်အောင် ဆင် ဘယ်လိုလုပ် ဆက်လက်သရုပ်ဆောင်သွားမယ် မပြောတတ်တော့ပါဘူးလေ။ ။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


# ဖွတ်တွေဖိတ်တဲ့ပွဲ

## (တစ်)

မိကျောင်းတွေဟာ လျှာရှည်တယ်ဆိုတာ ဟုတ်မယ်။ အဲသည့်နေ့က ဂျက်နဲ့ မိကျောင်းနဲ့ တွေ့ကြတော့ ဆိုင်းမဆင့်ဗုံမဆင့်ဆိုသလို မိကျောင်းက စလို့ ဂျက်ကို ပြောနေလိုက်တာများဆိုတာ ဘာအကြောင်းမှတ်သတုံး။ ရာမ လက္ခဏဇာတ်။ အဲ… ရာမ လက္ခဏဇာတ်မှာမှ လေးတင်ခန်းကို ဦးစား ပေးပြီး ပြောနေခဲ့တာခင်ဗျ။

"ဆရာကြီးဂျက် ရာမမင်းသားဟာ လေးတင်ပွဲကို ဖိတ်စာမရဘဲ ရောက်သွားတာဗျ"

ဟုတ်ပါတယ်။ မိကျောင်းမမှားပါဘူး။ တကယ်လည်း ရာမက ဖိတ် စာမှမရတာ။ မိထိလာပြည့်ရှင် ဇနကမင်းကြီးဟာ ပင်လယ်ကမ်းစပ်ကနေ ကောက်ရလာခဲ့တဲ့ သူ့ရဲ့ မွေးစားသမီး သီတာ အရွယ်ရောက်လို့ ပြိုင်စံကင်း အောင် လုပကြောင်း သတိပြုမိတဲ့အခါ ဗိုလ်ခြေတစ်ထောင်တင်မှရတဲ့ လေး ကို တင်နိုင်တဲ့သူနဲ့ လက်ဆက်ပေးဖို့အတွက် လေးတင်ပွဲကျင်းပမယ့် အကြောင်း တစ်ရာ့တစ်ပါးသော မင်းတို့ထံ ဖိတ်စာပို့သခဲ့ပါလေရောမဟုတ် လား။

သည်တုန်းက ရာမက ညီတော်လက္ခဏနဲ့အတူ တောထဲမှာ သီတင်း သုံးနေတဲ့ ဂေါ်မရသေ့ကြီးဆီ ရောက်နေတာ။ ကာကဝဏ္ဏဆိုတဲ့ ကျီးကို

mgyoe.com

mgyoe.com


နိမ်နင်းဖို့။ သည်တော့ ဘယ့်နှာလုပ်ပြီး လေးတင်ပွဲဖိတ်စာ ရပါလိမ့်မလဲ။ ဒါပေမဲ့ ဂေါ်ခံရသေ့က ဖိတ်စာရရ၊ မရရ သွားကြည့်ကြရအောင်လကွာဆိုလို့ ရောက်သွားကြရာက လေးကိုမတင်နိုင်သော်လည်း မ,နိုင်တဲ့ ဒသဂီရိရဲ့ မောက်မာဝင့်ကြွားနေတဲ့ဟန်ပန်ကို သောက်မြင်ကတ်ကာ လေးတင်ပွဲမှာ အထူးအခွင့်အရေးရကာ ဝင်ပြိုင်ရာက မ,လည်း မ,နိုင်၊ တင်လည်းတင်နိုင်သူ ရာမဟာ သီတာမင်းသမီးနဲ့ လက်ဆက်ခွင့်ရသွားပေတာ မဟုတ်လား။ ဒါကြောင့် ရာမဟာ ဖိတ်စာမရဘဲ လေးတင်ပွဲကိုရောက်သွားတာ။မိကျောင်းက အဲသဘောကိုပဲ အလေးထားပြီးပြောတာ။

"တကယ်က လောကမှာ ဘာဖိတ်စာမှ မလိုဘူးဗျ"

မိကျောင်းက ဖိတ်စာနဲ့ပတ်သက်လို့ တော်တော်ကလေး ခံပြင်းနေပုံရပါတယ်။ ရာမဇာတ်ကို လျှာရှည်ပြီး ပြန်ပြောနေတာကလည်း အဲသည့် ဖိတ်စာရမှု၊ မရမှုကို ပြောချင်တာကြောင့် ပြန်ပြောနေခဲ့တဲ့ပုံပါ။

ဘယ်သတ္တဝါက ဖိတ်ကြားလို့ ဘာအတွက် ဖိတ်မန္တကပြုလာတာမှန်းလည်းမသိ။ ဘယ်သူတွေက ဖိတ်စာရလို့၊ ဘယ်သူတွေက ဖိတ်စာမရမှန်းလည်းမသိ။

"ဒေါသမီးအိမ်ကို အနည်းငယ်မှိန်လိုက်ပါ အဆွေမိကျောင်း။ ဘယ့်နှာသို့ ဖြစ်သည်ကို အကျယ်ရှင်းပါလေ"

ဤတွင် မိကျောင်းက ဂျက်ကွမ်းခြံကုန်းကို စေ့စေ့ကြည့်ကာ ပြောလိုက်ပုံက...

"အခုကျင်းပနေတဲ့ တွားသွားသတ္တဝါညီလာခံကို သွားကြည့်ပါလား" ဟူလို။

## (နှစ်)

တွားသွားသတ္တဝါညီလာခံဆိုတာက တခြားမဟုတ်ပါဘူး။ တောကို ဦးဆောင်နေတဲ့ ဒေါင်းမကလေးတို့အဖွဲ့က သူတို့စိတ်ကူးပေါ်ရာ သတ္တဝါအစုကလေးတွေနဲ့ မကြာမကြာ တွေ့ဆုံဆွေးနွေးလေ့ရှိတာမို့ အခုတစ် ခေါက် တွားသွားသတ္တဝါတွေနဲ့ဆုံဖို့ အလှည့်ကျပြီး ညီလာခံသဘင် နွှဲဆင်ကာ

mgyoe.com

mgyoe.com


စကားစမြည်ပြောဆိုနေကြတာမို့ အဲသည့်ပွဲကို သွားကြည့်ပါလားလို့ မိကျောင်းက တိုက်တွန်းတာပါ။

ဟုတ်ပ။ ဂျက်ကွမ်းခြံကုန်းလည်း ဖိတ်စာကိစ္စ ဘယ့်နှာသို့ ဆက်စပ်ပါလိမ့်လို့ သိချင်တာနဲ့ အဲသည့်ဒေါင်းငှက်တွေနဲ့ တွားသွားသတ္တဝါတို့ တွေ့ဆုံတဲ့ တိရစ္ဆာန်ညီလာခံရှိရာဆီ ထွက်လာခဲ့ပါလေရော။

ဂျက် ပထမဦးဆုံး တွေ့မြင်မိတာက ပုတ်သင်ညိုကြီးတွေခင်ဗျ။ လက်ထဲမှာ ဖိတ်စာကလေးတွေ ကိုယ်စီကိုင်လို့။ အဲ... နောက်ထပ်ပြီးမြင်မိတဲ့ သတ္တဝါတွေက ကင်းလိပ်ချော်တွေ။ သင်းတို့ကလည်း လက်ထဲမှာဖိတ်စာကလေးတွေ ကိုယ်စီနဲ့ပါပဲ။ နေဦး၊ ပုတတ်ကလေးတွေလည်း တွေ့တယ်။ ဖိတ်စာကိုယ်စီနဲ့။ တောက်တဲ့ကြီးတွေက သူ့အစုနဲ့သူ စကားတွေတွတ်ထိုးနေကြတာ။ ဂျက်က အိမ်မြှောင်ကလေးတွေကျတော့ အကောင်ငယ်လွန်းလို့ ချန်ထားမယ်ထင်နေတာ၊ ပါသဗျ။ တွားသွားသတ္တဝါညီလာခံမှာ လောလောဆယ်တော့ ဒေါင်းငှက်တွေ ရောက်မလာကြသေးဘူး။ ရောက်တာနဲ့ ညီလာခံက စမှာ။

အဲသမှာ ဂျက်က သတိထားလိုက်မိတာ။ ဟုတ်တယ်။ မိကျောင်းတွေ မပါဘူးခင်ဗျ။ တွားသွားသတ္တဝါညီလာခံဆိုပြီး ဘယ့်နှာသို့ဖြစ်ရပြန်တာပါလိမ့်။ မိကျောင်းက တွားသွားသတ္တဝါပဲဥစ္စာ။

တောယံမှာ မိကျောင်း ဒေါကန်နေတာဒါ့ကြောင့်ကိုး။ ရာမမင်းသား ဖိတ်စာမရဘဲနဲ့ လေးတင်ပွဲသွားတယ် မဟုတ်လား၊ ဘာလားဆိုပြီး ပွစိပွစိ ဖြစ်နေခဲ့တာ။

ဒါနဲ့ ညီလာခံထဲကို ဒေါင်းတွေလည်းဝင်လာရော မျက်နှာသိဒေါင်းမကလေးတစ်ကောင်နဲ့တွေ့တော့ ဂျက်က မေးမိပါတယ်။ တွားသွားသတ္တဝါ ညီလာခံဆိုပြီး မိကျောင်းက ဘာဖြစ်လို့မပါရတာတုံးလဗျာလို့။ တော်တော့်ကို အံ့သြသွားပုံရသဗျ။ ဒေါင်းမကလေးက...။

"ဩော်... မသိရပါလား။ ဘယ့်နှာဖြစ်ပါလိမ့်။ ဖိတ်စာက ဖွတ်ကို စီစဉ်ခိုင်းတာလေ။ ပညာရှိ သတိဖြစ်ခဲ့များ ဖြစ်လေရော့သလား" တဲ့။

အနို့ကလိုဆိုရင်ဖြင့် ဂျက် သဘောပေါက်လိုက်ပြီ။ ဖွတ်ဖိတ်တဲ့ စာ

mgyoe.com

mgyoe.com


ရင်းထဲမှာ မိကျောင်းမပါတဲ့ကိစ္စ။

မိကျောင်းက သူ့ထက်အကောင်ကြီးနေလေတော့ကာ တွားသွားသတ္တဝါညီလာခံမှာ မိကျောင်းကိုချန်ထားပါမှ ဖွတ်က အပျံစားဖြစ်တော့မှာပေါ့။ ဒါ့ကြောင့် မိကျောင်းတွေကို တမင်ချန်ပြီး ညီလာခံဖိတ်စာတွေ သူ စီစဉ်ခဲ့လေတာပေါ့။

## (သုံး)

စာပေလောက၊ ဂီတလောက၊ ရုပ်ရှင်လောက၊ စီးပွားရေးလောက၊ လူမှုရေးလောကထဲကို စုံနံ့သာမြိုင်ထဲက ဖွတ်တွေဝင်လာမှာကြောက်ရတာ။ ဖွတ်တွေဟာ သူတို့မလိုတဲ့အကောင်တွေကို ချန်ပြီးမှ အမြဲတမ်းဖိတ်စာဝေတာ။

ပါစေချင်တဲ့သတ္တဝါပါပြီး မပါစေချင်တဲ့သတ္တဝါ မပါရလေအောင် ဖိတ်တတ်တဲ့ ဖွတ်တွေရဲ့လက်ထဲကို ဖိတ်စာထည့်ထားမှတော့ ရဂုံတွင်းဟာ ဒုံရင်းက ဒုံရင်းပါပဲဟုလို။ ။

mgyoe.com

mgyoe.com


## ရဂုံတစ်ပိုက်မှာဖြင့် အကုန်ဝရိုက် (Right)

### (တစ်)

ရောဂါဝေဒနာတွေထဲမှာ ရုပ်မှာစွဲကပ်တဲ့ ဝေဒနာနဲ့ စိတ်မှာစွဲကပ်တဲ့ ဝေဒနာ ရယ်လို့ နှစ်မျိုးရှိသဗျ။ ပြောရရင် ခြေဆစ်၊ လက်ဆစ်တွေ ကိုက်တာ ခဲတာ မျိုး၊ ဝမ်းပျက်ဝမ်းကိုက်ဖြစ်တာမျိုးဟာ ရုပ်ဝေဒနာပဲပေါ့။ အဲ... စိတ်ဓာတ် တွေ အမြဲတမ်းကျနေတာမျိုး၊ ကိုယ့်ကို အခြားတစ်ပါးသော သတ္တဝါတွေက ထာဝရ မကောင်းကြံနေတာပဲလို့ ထင်မြင်ယူဆနေတာမျိုးကကျတော့ သေချာ ပါပြီ။ အဲဒါ စိတ်ဝေဒနာအမျိုးအစားပေါ့။

အခု... စုံနံ့သာမြိုင်မှာဖြစ်နေတဲ့ စိတ်ဝေဒနာက တော်တော်ကလေး ထူးဆန်းထွေလာရှိလွန်းသဗျ။ တစ်တောလုံးလိုလို ဖြစ်နေတာ။ တစ်ကောင် ကနေ တစ်ကောင်ကို ကူးစက်သွားလိုက်တာများဆိုတာ ဗိုင်းရပ်စ် (Virus) တွေ၊ ဘာတွေကျရောက်သလိုကို ဖြစ်နေတော့တာ။

တောသတ္တဝါတွေဟာ Yes (or) No လို့ ဆိုတဲ့ အင်းနဲ့ ဟင့်အင်းကို မကွဲပြား၊ မခွဲခြားနိုင်တော့တဲ့ ရောဂါတစ်မျိုး ကပ်ငြိလို့နေခဲ့တာ ကြာခဲ့ပေါ့ တဲ့။ ပရီဖား (Prefer) လို့ဆိုတဲ့ ဘယ်ဟာကို ပိုကြိုက်တယ်၊ ဘယ်အရာကို ပိုမကြိုက်ဘူးဆိုတဲ့ စိတ်တွေ မရှိတော့တာတဲ့။

ကဲ... ပြောနေတာ ကြာပါတယ်။ ဂျက်ကွမ်းခြံကုန်း တွေ့ကြုံဆုံစည်း ခဲ့ရတဲ့ တောထဲက Yes (or) No ပျောက်ဆုံးသွားခြင်း၊ အင်းနဲ့ဟင့်အင်း

mgyoe.com

mgyoe.com


မကွဲပြားတော့ခြင်း အတွေ့အကြုံကလေးတွေကို အကျဉ်းမျှ ရှင်းပြလိုက်တာက ပိုကောင်းမယ်ထင်ပါရဲ့။

## (နှစ်)

မျောက်ကလေးတစ်ကောင် ကျောင်းသွားဖို့ပြင်ဆင်နေတဲ့ တစ်ရက်မှာ သူ့မေမေ မျောက်မကြီးက သားဖြစ်သူ ကျောင်းမှာစားဖို့ ငှက်ပျောသီးကလေး သုံး လေး ငါးလုံး ထည့်ပေးလိုက်ဖို့ လုပ်ပါတယ်။ ငှက်ပျောသီးက မျောက်အိမ်မှာ သုံး လေးမျိုးရှိနေတာဆိုတော့ ထုံးစံအတိုင်း မေးရပြီပေါ့။

"သားရေ ဖီးကြမ်းလား၊ ရခိုင်လား၊ နံ့သာပုလား ဘာကြိုက်လဲ မေမေ့သား"

ကျောင်းသွားတော့မယ့် မျောက်သားငယ် ပြန်ဖြေပုံက တုံးတိတိ။

"ဘာဖြစ်ဖြစ် ရတယ်" တဲ့။

"ဟဲ့... မဟုတ်ဘူးလေ၊ ဘယ်ငှက်ပျောကို ပိုကြိုက်သတုံး မေ့သားရဲ့"

"ဘာဖြစ်ဖြစ် ရပါတယ်ဆို"

မာမီ မျောက်မကြီး တိတ်သွားတယ်။ သားက ဖီးကြမ်းကို (ဒါမှမဟုတ်) ရခိုင်ကို (ဒါမှမဟုတ်) နံ့သာပုကို ပိုကြိုက်တယ်။ အဲဒါကို ထည့်ပေးလို့ ဖြစ်စေချင်တာ။ ဒါမှမဟုတ်ရင်လည်း ကလေးဘာသာဘာဝ ရွေ့ငှက်ပျောကို ရအောင်ရှာပေးတို့၊ သားက သီးမွှေးမှ ကြိုက်တာလို့ဆိုပြီး ပူဆာစေချင်တာ။

အခုတော့ကြည့်၊ ဘာဖြစ်ဖြစ် ရလေသတဲ့။ မျောက်သားကလေးမှာ ဘာကို ပိုကြိုက်တယ်၊ ဘာကို ပိုမကြိုက်ဘူးဆိုတာ မရှိတော့။

## (သုံး)

တစ်ရက်တော့ ဖျံမကြီး တိရစ္ဆာန်ဈေးထဲ ဝင်လာပါလေရော။ ထုံးစံအတိုင်း ငါးသည်ရှေ့မှာ မတ်တတ်သွားရပ်တာပေါ့။

"လုပ်ပါဟယ် သုံးဆယ်သားလောက်" တဲ့။

mgyoe.com

mgyoe.com


အရင်းမရှိ၊ အဖျားမရှိ။ ငါးရောင်းမယ့် ဖျံမကလေးက ပြန်မေးတာပေါ့။

"အစ်မကတော့ လုပ်ပြီ။ နေ့တိုင်း သို့ကလိုချည်းပဲ။ ဘာငါးတုံး အစ်မရဲ့။ ငါးကြင်း၊ ငါးဖယ်၊ ငါးပတ်၊ သုံးဆယ်သားတော့ သုံးဆယ်သား ပေါ့" တဲ့။

ဖျံမကြီးက ပိုက်ဆံအိတ်ကို ဆွဲဖွင့်နေရင်းက ဘယ်ငါးကိုမှ မက်မက် မောမော လှမ်းမကြည့်ဘဲ ဖြေပါတယ်။

"ကဲ့... ထည့်ပါဟယ်။ ဘာငါးဖြစ်ဖြစ် သုံးဆယ်သားပေါ့။ အချိန် ကုန်လို့" ဆိုလား။

ပြတ်ကရော။

## (လေး)

တေးချစ်သူ တိရစ္ဆာန်ကလေးတစ်ကောင်ကို မေးကြည့်မိတယ်။ အဆိုတော်တွေထဲမှာ ဥသြနဲ့ ချိုး ဘယ်သတ္တဝါပိုကြိုက်သတုံးလို့။

"ထူးပါဘူးဗျာ။ အကုန်ကြိုက်ပါတယ်" တဲ့။

အစပ်ကြိုက်တဲ့ ကြက်တူရွေးကို မေးမိပါရဲ့။ ဘယ်ငရုတ်ကြိုက် သတုံးပေါ့။ မိုးမျှော်လား၊ ကုလားအော်လား၊ ကိုင်းသီးလား၊ ရွှေအပ်လား။ ဖြေပုံကကြည့်။

"စပ်တာချည်းပါပဲ။ အကုန်ရတယ်" ဟူ၍။

ယုန်ကလေးက မုန်လာဥနီသည်ဖြစ်စေ၊ ဖြူသည်ဖြစ်စေဆိုလား။ နွားက ကောက်ရိုးဖြစ်စေ၊ မြက်ဖြစ်စေတဲ့။ ပုရွက်ဆိတ်က ထန်းလျက်လည်း ချို၊ သကြားလည်းချိုပါသတဲ့။

စုံနံ့သာမြိုင်မှာ အင်း၊ ဟင့်အင်း မရှိတော့ဘူး။ Yes တွေ No တွေ အရေးမကြီးတော့။ ရဂုံတစ်ပိုက်မှာ အကုန်ရိုက် (Right) ဆိုလား။

တိရစ္ဆာန်တွေ ဟောသည်ဘက် နှစ်ပိုင်းတွေမှာ အနို့ကလို ဖြစ်လာ နေခဲ့ကြတာ သိသိသာသာ ရှိလွန်းလှပါသတဲ့။

အဲဒါဟာ တောသတ္တဝါတွေဆီမှာ ကျရောက်လာတဲ့ စိတ်ရောဂါ လက္ခဏာတစ်မျိုးဆိုလား။

mgyoe.com

mgyoe.com


"မထူးပါဘူး" တဲ့။

အနို့ကလို။

(ငါး)

အနို့ကလို မထူးပါဘူးဆိုတဲ့ စိတ်ခံစားမှုရောဂါ၊ အတူတူပါပဲဆိုတဲ့ ဝေဒနာတောထဲမှာ စပြီး သန္ဓေတည်လာတာက ကြားဖြတ်ရွေးကောက်ပွဲက တဲ့ ခင်ဗျ။

တစ်ခါတော့ စုံနံ့သာမြိုင်တောထဲက တစ်နေရာဖြစ်တဲ့ သရက်ချောင်မှာ လွှတ်တော်ကိုယ်စားလှယ် တစ်နေရာ လစ်လပ်ပါလေရော။ အဲသမှာ ဝင်အရွေးခံတာက သတ္တဝါနှစ်ကောင်။ တစ်ကောင်က ကျား၊ တစ်ကောင်က ဝံပုလွေ။

မဲဆန္ဒရှင်သတ္တဝါတွေ တစ်ကောင်မှ မဲလာမပေးကြဘူးဆိုလား။ မဲရုံကလေးဟာ ကမ္မဋ္ဌာန်းကျောင်းကလေးလို တိတ်ဆိတ်လို့။ အလှုပ်အရှားမရှိ။

"ဘယ်သတ္တဝါပဲတက်တက် အကိုက်ခံရမှာက အကိုက်ခံရမှာပဲ။ ဒဏ်ရာအကြီးအသေးပဲ ကွာမှာ။ ထည့်မနေနဲ့ အဲသည့်မဲ" တဲ့။

ဟုတ်ပ။ နောက်ပိုင်း စုံနံ့သာမြိုင်မှာ တောအုပ်ချုပ်ရေးအတွက် ရွေးကောက်ပွဲကလေးတွေ လုပ်တဲ့အခါ ကြားဖြတ်ပဲ လုပ်လုပ်၊ ကြားမဖြတ်ဘဲ လုပ်လုပ် ဘယ်သတ္တဝါမှ မဲလာမထည့်ကြတော့ဘူး။

"တောလီဒါတွေ ဘယ်လိုပြောင်းပြောင်း တို့များသတ္တဝါတွေကတော့ ရဂုံအတွင်းမှာ ဒုံရင်းက ဒုံရင်းပါပဲကွာ" တဲ့။

အဲဒါ တောအသံ။ သဘောအမှန်။

အနို့ကလိုနဲ့ ဘာမဲမှ မထည့်ချင်ကြတော့တဲ့တောဟာ စိတ်သဘောထားတွေ ဘယ့်နှယ်ဘယ့်နှယ် ပြောင်းလဲသွားလေတယ်မသိ။ နောက်ပိုင်းမှာ ငါးဝယ်ဝယ်၊ ဖားဝယ်ဝယ် ဘာကိုကြိုက်တယ်၊ ဘာကိုမကြိုက်ဘူးရယ်လို့ မရှိတော့။ အင်းတွေ၊ ဟင့်အင်းတွေ စိတ်မဝင်စားတော့။ ဘာဖြစ်ဖြစ်ရတယ်ဆိုတာချည်း။

mgyoe.com

mgyoe.com


(ခြောက်)

ဘယ်အရာကိုမှ ပိုကြိုက်တယ်ဆိုတာလည်းမရှိ၊ ပိုမကြိုက်ဘူးဆိုတာလည်း မရှိတော့ဘဲနဲ့ ဘေးဖယ်ကာ မရွေးမချယ်နေတတ်တဲ့ တောစရိုက်ဟာ မောဟိုက်စရာကောင်းလွန်းလှပါဘိ။ အကုန်လုံး အောရိုက် (All Right)ပါပဲကွာဆိုတဲ့ သဘောထားနဲ့ တောဘဝကို လျှော့ချပစ်လိုက်တဲ့ စိတ္တဇဝေဒနာကြီးဟာ သတ္တဝါတိုင်းမှာ စွဲကပ်လို့။

တိရစ္ဆာန်ဆေးကုဆရာဝန်တွေ တောကို ပထမဦးဆုံး စပြီးကုရမှာက သတ္တဝါတွေ ကြိုက်တာကို ကြိုက်ကြောင်း၊ မကြိုက်တာကို မကြိုက်ကြောင်း ပြောချင်တဲ့ဆန္ဒကလေးတွေ ပြန်ပြီးပေါ်လာဖို့။ အချိန်ဘယ်လောက်ကြာကြာ ယူရမယ်မပြောတတ်ပါဘူး။ ။

mgyoe.com



# ဝေဟာယှ ဘောင်ဝင် မင်္ဂလာ

ဂျက်ကျွန်း ဝေါကျင်း

mgyoe.com

mgyoe.com

mgyoe.com


# တောမှာဆောင်တဲ့ မင်္ဂလာ

## (တစ်)

စုံနံ့သာမြိုင်ကဖြင့် အခုနောက်ပိုင်းမှာ ဗီဒီယိုရောဂါ တော်တော့်ကို ထတာပါပဲ။ ဘာပွဲပဲလုပ်လုပ် ဗီဒီယိုကလေးနဲ့ မှတ်တမ်းတင်လိုက်ရမှ။

တိရစ္ဆာန်ပေါက်စကလေးတွေ နာမည်ပေးကင်ပွန်းတပ် မင်္ဂလာ ဆင်ယင်ကြတယ် ဆိုပါတော့။ အဲသမှာ ဗီဒီယိုနဲ့ မှတ်တမ်းတင်ပါလေရော။ တိရစ္ဆာန်ကလေးတွေ ရှင်ပြုကြ၊ နားသကြတော့ကော။ ဗီဒီယိုမှတ်တမ်းနဲ့ ဘယ်လွတ်ပါ့မလဲ။ တိရစ္ဆာန်တစ်ကောင်ကောင် နာရေးဖြစ်ပြီဆိုပါစို့။ ဘယ်ဗီဒီယိုဆရာနဲ့ အခွေအပ်ရင်ကောင်းမလဲဆိုတာက ပထမဦးဆုံး စဉ်းစားကြရတာ။ တိရစ္ဆာန်အိမ်တက်၊ တိရစ္ဆာန်အလှူ၊ တိရစ္ဆာန်ဘွဲ့ယူ၊ တိရစ္ဆာန်ဘုန်းကြီးဆွမ်းကပ်၊ တိရစ္ဆာန်လက်ထပ်မင်္ဂလာ၊ အို... ဘယ်ဟာမှ အဲသည်ဗီဒီယိုကင်မရာနဲ့ မလွတ်ပါဘူးဗျာရယ်။

ပြီးတော့မှ ကိုယ့်အခွေကိုယ်ပြန်ကြည့်၊ ကိုယ့်အခမ်းအနား ကိုယ်အရသာပြန်ခံ၊ ကိုယ့်အသိုင်းအဝိုင်းက ဘယ်လောက်ကြီးပြီး ဘယ်လောက်ကျယ်တယ်ဆိုတာကို စားမြုံ့ပြန်ရတာက အလုပ်ကြီးအကိုင်ကြီးတစ်ခုရယ်လို့ ဆိုကြပေတာကိုး။

အနို့နှယ်သို့နှယ်သော ဗီဒီယိုအခွေကလေးတွေက တောထဲနေ တိရစ္ဆာန် မိတ်ဆွေတချို့ရဲ့ လက်ဆင့်ကမ်း မျှဝေမှုကြောင့် မကြာခဏ ဆို

mgyoe.com

mgyoe.com


သလိုကိုပဲ ဂျက်ကွမ်းခြံကုန်း ကြည့်ခွင့်ရတတ်ပါတယ်။ အို… တိရစ္ဆာန် ဘာသာဘာဝ ကျွက်ကျွက်ညံကာ သဲသဲအုတ်အုတ်နဲ့။

(နှစ်)

မနေ့တစ်နေ့ကမှ ဂျက်ကွမ်းခြံကုန်းလက်ထဲ ရောက်လာတဲ့အခွေ ကလေးက မင်္ဂလာဆောင်အခွေ။ တိရစ္ဆာန်အထီးနဲ့ တိရစ္ဆာန်အမတို့ သတ္တဝါတို့ သဘာဝ အာဝါဟဝိဝါဟ စုလျားရစ်ပတ် လက်ထပ်ကြတဲ့ဟာကို ရိုက်ထားတဲ့ ဗီဒီယိုအခွေပါပဲ။

ပလတ်စတစ်ဘူးနဲ့ ဘာနဲ့၊ ရောင်စုံကာဗာ (Cover) နဲ့ သပ်သပ်ရပ် ရပ်ကလေး။ ရင်းနှီးတဲ့မိတ်ဆွေတွေကြည့်ဖို့ အခမဲ့ဖြန့်ဝေတာပါတဲ့။

အဲသမှာ တစ်ညနေခင်း ပျင်းပျင်းရှိတာနဲ့ ယင်းငှင်းတိရစ္ဆာန်မင်္ဂလာ ဆောင် အခွေကလေးကို ဂျက်တစ်ယောက်တည်း ရှုစားနေခဲ့မိပါလေရော။

အဲဗျ။ အခွေက စစချင်း ခြင်္သေ့လင်မယားကို အနီးကပ် ရိုက်ပြထား တာပါပဲ။ အိုပါပြီ နှစ်ကောင်စလုံး။ ပါဝါမျက်မှန်ကိုယ်စီနဲ့။ ဟိုတုန်းက စုံနံ့သာ မြိုင်ကို ဦးဆောင်ဖူးခဲ့တယ်ဆိုလား၊ ဘာဆိုလား။ ခြင်္သေ့မကြီးက စိန်နားကပ် အရောင် တလက်လက်နဲ့။ ပိုက်ဆံအိတ်အထူကြီးကို ချိုင်းကြားမှာ ညှပ်လို့။

"ဟဲ့ဟဲ့ အဲသဟာဟိုတုန်းက တောလီဒါ အဟောင်းကြီးဟဲ့" ရေခဲ မုန့်စားနေကြတဲ့ ခြင်္သေ့ကြီးနှစ်ကောင်ကို အသားပေးရိုက်ပြနေတဲ့ မြင်ကွင်း မှာ အသံတစ်သံပါ ထွက်လာလေတော့ သေချာပြီပေါ့။ ဒါဟာ ဟိုတုန်းက အကောင်ကြီးတွေဆိုတာ။

ဒါနဲ့ ခြင်္သေ့ကြီးနှစ်ကောင်ကို ရိုက်ပြနေရာက ဗီဒီယိုကင်မရာက ကျားဇနီးမောင်နှံရှိရာဆီကို မြင်ကွင်းပြောင်းသွားပြန်ပါလေရော။ ကျားကြီး က အခုလက်ရှိ တောရဲ့လုံခြုံရေးနဲ့ အန္တရာယ်ရန်စွယ် ကာကွယ်ရေးကို တာဝန်ယူထားရတဲ့ သတ္တဝါ။ သူ့ဇနီးကျားမကြီးက နှုတ်ခမ်းနီကို ဆိုးထား လိုက်တာမှ ရဲရဲတွတ်လို့။ လည်ပင်းမှာရစ်ပတ်ထားတဲ့ မာဖလာက ပိုးသား အပျော့။ စိန်လည်တုန်က ဖိတ်ဖိတ်တောက်လို့။

"ကျားကြီးကိုယ်တိုင် တက်ရောက်အားပေး ချီးမြှင့်တာတဲ့"

mgyoe.com

mgyoe.com


မင်္ဂလာဆောင် ဗီဒီယိုက အသံပါသဗျ။ အသံတွေကြားမှာပဲ ကျားလင်မယားက ကော်ဖီနဲ့ သစ်သီးကိတ်ကို စက္ကူပြသာဒဖြစ်စရာ မြုံ့လို့။

အဲ... ပြောရင်းဆိုရင်း မြင်ကွင်းက ကြံ့ကြီးတို့ဇနီးမောင်နှံရှိရာဆီ ပြောင်းသွားပြန်ပါလေရော။ ကြံ့မကြီးကတော့ တစ်ကိုယ်လုံး ပုလဲတွေချည်းပဲ။ ပုလဲလက်ကောက်၊ ပုလဲလက်စွပ်၊ ပုလဲနားကပ်၊ ပုလဲဘယက်၊ ဖြူဖွေးလင်းလက်နေတဲ့ အပြင်အဆင်။

"အဏ္ဏဝါဝန်ကြီး... အဲသဟာ အဏ္ဏဝါဝန်ကြီး နေရာပေးကြပါဟဲ့"

မင်္ဂလာပွဲဟာ တိရစ္ဆာန်ပရိသတ်တွေ ရုတ်ရုတ်ရက်ရက်နဲ့ ပြေးကြလွှားကြ၊ နေရာပေးကြ၊ တည်ခင်းဧည့်ခံကြ။

"အဲဟဲ့... ဟောဟိုမှာ သစ်တောဝန်ကြီးကြွလာပြီ ကြိုကြပါ"

ဟုတ်သဗျ။ အသံနဲ့အတူ ဗီဒီယိုမြင်ကွင်းထဲဝင်လာတာက ဆင်ကြီးနှစ်ကောင်ရယ်။ မင်္ဂလာခန်းမထဲဝင်လာတဲ့ သတ္တဝါတွေထဲမှာ ကြည့်လို့အကောင်းဆုံးပေါ့။ ဆင်ကြီးကရှေ့က၊ ဆင်မကြီးကနောက်က။ ခါးကလေးကို နဲ့ကာနဲ့ကာနဲ့ ဆင်မယဉ်သာ ဝင်လာတဲ့ဟန်ဟာ သတ္တဝါအားလုံး ငေးနေရတဲ့ဟန်ပါ။ ဆင်မကြီးက ဘာမှသိပ်မဝတ်ထားဘူး။ ပတ္တမြားတွေချည်းပဲစီထားတဲ့ လည်ဆွဲတစ်ကုံးတည်းရယ်။ သြော်... ဆင်ကြီးက စုံနံ့သာမြိုင်မှာ သစ်တောဝန်ကြီးကိုး။

ဇရာမက္ကန္ဒြေကြီးတွေနဲ့ ဆင်ကြီးတို့ဇနီးမောင်နှံ စားပွဲမှာဝင်ပြီး နေရာယူပြီးတဲ့အခါ ဗီဒီယိုကင်မရာက စားပွဲတစ်နေရာဆီကို ပြောင်းသွားပြန်ပါလေရော။ စုံနံ့သာမြိုင်လုံးဆိုင်ရာ ငြိမ်းချမ်းမှုဖော်ဆောင်ရေး ဥက္ကဋ္ဌ ကျားသစ်နဲ့ သူ့ဇနီးကျားသစ်မ။ သူတို့က မင်္ဂလာပန်းကုံးစွပ်ပေးကြမယ့် သတ္တဝါတွေတဲ့။ ကြေညာနေလေရဲ့။

ဟော... နောက်စားပွဲဝိုင်းတစ်ခုကို ဗီဒီယိုက ပြပေးနေပြန်ပါပြီ။ အဲဒါကတော့ ဝံပုလွေလင်မယား။ နေကာမျက်မှန်အမည်းကြီးတွေ တပ်လို့။ ဝံပုလွေမ ကိုင်ထားတဲ့ ပိုက်ဆံအိတ်က မိကျောင်းသားရေအစစ်နဲ့ လုပ်ထားတဲ့ ပိုက်ဆံအိတ်။ ဝတ်ထားတဲ့ဆွယ်တာက ယုန်မွေးနုနုကလေးတွေနဲ့ လုပ်ထားတဲ့ ဆွယ်တာ။ ပန်ထားတဲ့ နားကပ်က ဆင်စွယ်နားကပ်အစစ်။

mgyoe.com

mgyoe.com


"ကြည့်ကောင်းလိုက်တာ အဲသဟာတို့များ။ စုံနံ့သာမြိုင်မှာ ယဉ်ကျေးမှုဌာန ညွှန်ချုပ်တဲ့တော့။ အခုအဲသည့် ဝံပုလွေလင်မယားက လက်ထပ် လက်စွပ်ဝတ်ပေးမှာတဲ့"

တကယ့်ကို အခေါင်ထိပ်ဖျားထွတ်တင်ဆိုတဲ့ သတ္တဝါတွေချည်းပဲ လာတဲ့ မင်္ဂလာ။

သတ္တဝါဆိုတာကဖြင့် အကောင်ပါပဲ။ အနို့ပေတဲ့ အခုမင်္ဂလာဆောင်ကို လာတဲ့သတ္တဝါတွေကတော့ ရိုးရိုးသုံးနေကျမဟုတ်တဲ့ အကောင်။ တကယ့် အကောင်။ အဟုတ်အကောင်။ ဘုရားစူး မိုးကြိုးပစ်အကောင်။

တောဆိုတဲ့တောင်မှာ ဟောသလိုအကောင်တွေ လာပါမှ တကယ့် မင်္ဂလာဆောင်သရုပ် ပီပြင်တယ်ဆိုလား။

## (သုံး)

အဲ... ပြောစရာကလေးကျန်တော့မလို့။ တီရစ္ဆာန်မင်္ဂလာမောင်မယ်။ ဗီဒီယိုက အခွေဆုံးခါနီးတော့မှ မင်္ဂလာဆောင်တဲ့ မောင်နဲ့မယ်က ပေါ်လာတာ။

နှစ်ကောင်စလုံး မောင်ရော မယ်ပါ မနည်းကို ကြည့်ယူရတာပါဗျာ။ ပုရွက်ဆိတ်ကလေးနှစ်ကောင်။ တကယ့်ကို သေးသေးကွေးကွေးကလေးတွေ။

လာရောက်ချီးမြှင့်တဲ့ သတ္တဝါကြီးတွေနဲ့ ဓာတ်ပုံရိုက်ကြတော့ ဆင်တွေ၊ ကျားတွေ၊ ခြင်္သေ့တွေ၊ ကျားသစ်တွေ၊ ကြံ့တွေ၊ ဝံပုလွေတွေရဲ့ကြားမှာ နှစ်ဖက်မိဘတွေနဲ့ သတို့သား၊ သတို့သမီး ပုရွက်ဆိတ်ကလေး ခြောက်ကောင်ဟာ မှုန်ဝါးလို့။ တကယ့် လိုလိုကလေးတွေ။ အရေးမပါ။ အရာမထင်။ မင်္ဂလာပွဲသဘင် လာရောက်နွှဲဆင်သူတွေက ကြီးထွားလို့။

## (လေး)

ပုရွက်ဆိတ်မိဘများနဲ့ တွေ့တော့ ဇရာမအကောင်ကြီးတွေ လာတဲ့ အတွက် မင်္ဂလာလက်ဖွဲ့တွေ ထုနဲ့ထည်နဲ့ ရမှာပေါ့လို့ မေးကြည့်မိပါလေ

mgyoe.com

mgyoe.com


ရော။ အဲသမှာ ပုရွက်ဆိတ်မိဘတစ်ကောင်က ပြန်ပြောပုံကြည့်ပါဦး။

"ကြံကြီးစည်ရာ ဆရာဂျက်ရာ ရဖို့နေနေသာ အဲသည်ဟာကြီးတွေ လာဖို့ ကျုပ်တို့က ပူဇော်ပသရတာခင်ဗျ။ တောမှာ မင်္ဂလာစရိတ်က သည် လောက် မဟုတ်ဘူး။ သင်းတို့လာဖို့ ခြေကြွခပေးရတာက နင့်ခနဲနေတာ" တဲ့။

ဩော်... မင်္ဂလာဆောင်တဲ့ သတ္တဝါက လာပေးဖော်ရတဲ့ အကောင် ကြီးတွေကို ပြန်ပြီး လက်ဖွဲ့ကြရတဲ့ အဖြစ်ပါလားဟူလို။ ။

mgyoe.com

mgyoe.com



# တို့အရေးဂနိုင် တို့အရေးမြိုင်

## (တစ်)

အရပ်ဒေသတစ်ခုမှာ သူ့ရဲ့ ထင်ရှားတဲ့ အမှတ်အသားတစ်ခုကတော့ ရှိစမြဲပဲ ခင်ဗျ။ ဆိုကြပါစို့၊ ဩစတြေးလျ။ မျက်စိထဲမှာ သားပိုက်ကောင်ကလေးတွေက တန်းပြီးပေါ်လာတော့တာ။ ဆိုကြပါစို့၊ ဂျပန်။ ချယ်ရီပန်းတွေက မျက်လုံးထဲမှာ အလိုလိုကိုပေါ်လာကြတာ။ နောက်တစ်ခါဆိုကြပါစို့၊ တရုတ်ပြည်ကြီး။ နဂါးက မျက်လုံးထဲကို တန်းပြီးတော့ကို ရောက်လာတော့တာ။

စုံနံ့သာမြိုင်တဲ့။ ရပ်ကျော်ရွာကျော် တောဂနိုင်ကြီး။ တောတိရစ္ဆာန်ပေါင်းစုံတို့ စုပြုံတိုးဝှေ့ ကျက်စား၍ နေထိုင်ကြရာအရပ်ဒေသကြီး။ ဂျက်ကွမ်းခြံကုန်းနဲ့ လက်ပွန်းတတီးရှိလွန်းလှတဲ့ ရဂုံကြီး။ အဲသည့် နာမည်ကျော် တောကြီးကဖြင့် အဘယ်သို့သော အကြောင်းကိစ္စမျိုးနဲ့ လူသိများကာ ထင်ရှားပါသလဲဆိုရင်ဖြင့် 'တို့အရေး' ပဲခင်ဗျ။ ကြီးနိုင်ငယ်ညှဉ်း အရပ်ဒေသ၊ ဂျန်းဂဲလ်လော (Jungle Law) လို့ခေါ်တဲ့ တောကြီးမျက်မည်းဥပဒေကြီးစိုးရာ အရပ်ဒေသ။ အိပ်စားကာမ ဤသုံးဝနဲ့ လုံးလည်ချာလည်လိုက်နေရာ ဒေသမှာဖြင့် အမျိုးမျိုးအထွေထွေသော မကျေနပ်မှုတွေက နေရာတိုင်းမှာ သန္ဓေတည်နေလေတော့ကာ စုံနံ့သာမြိုင်ရဲ့ ဟစ်စထရီသမိုင်းစဉ် တစ်လျှောက်မှာဖြင့် 'တို့အရေး တို့အရေး' ဆိုတဲ့ ကြွေးကြော်သံနဲ့အတူ စီတန်းကာ လက်သီးလက်မောင်းတန်းနေကြရတဲ့ မြင်ကွင်းတွေက အဆက်

mgyoe.com

mgyoe.com


မပြတ် ဆိုသလိုပါပဲ။ နိစ္စဓူဝဆိုသလို တောရဲ့ တစ်ထောင့်တစ်နေရာဆီမှာ တို့အရေး တို့အရေးဆိုပြီး ဆန္ဒဖော်ထုတ်နေကြတဲ့ မြင်ကွင်းကဖြင့် စုံနံ့သာမြိုင်ရဲ့ ထင်ရှားတဲ့ အမှတ်လက္ခဏာသင်္ကေတပေပဲ။

အနို့ကလိုနဲ့ တို့အရေး တို့အရေးလုပ်ပြီး တောကြီးကိုတိုက်ပွဲဝင်ပြောင်းလဲလာခဲ့ကြတဲ့ သတ္တဝါတွေဟာ အခုမျက်မှောက် အခါသမယမှာလည်း ထစ်ခနဲဆိုတာနဲ့ တို့အရေးပါပဲ။ စီခနဲဆိုတာနဲ့ တို့အရေးပါပဲ။

ဒါကြောင့် စုံနံ့သာမြိုင်ဆိုတဲ့ အရပ်ဒေသရဲ့ ထင်ရှားတဲ့အမှတ်လက္ခဏာက သတ္တဝါအစုအဝေးကြီးတွေ တို့အရေး တို့အရေး ကြွေးကြော် အော်ဟစ် တောင်းဆိုမြည်တမ်းနေကြတဲ့ ရုပ်ပုံလွှာ။

## (နှစ်)

တောထဲမှာ တစ်ခါတော့ ဖီးကွက်ကြီးက ဂျာနယ်တိုက်ကလေးတစ်တိုက်ထောင်သဗျ။ စာစီစာရိုက်တွေ၊ အယ်ဒီတာတွေ၊ သတင်းထောက် တွေ၊ ပန်းချီ၊ ဒီဇိုင်းသမားတွေ၊ စာပြင်ဆရာတွေနဲ့ အင်အားအပြည့်။ တောမျက်လုံးဆိုလား ဂျာနယ်နာမည်က။

ခွက်ခွက်လန်အောင် ရှုံးတာပါပဲ။ သတ္တဝါတွေက စာမှမဖတ်ကြတော့တဲ့ ဥစ္စာ။ တောမျက်လုံးခမျာ တော်တော်ကြာအောင်တော့ တောင့်ခံရှာပါသေးတယ်။ ဒါပေမဲ့ ဘယ်ခံနိုင်လိမ့်မလဲ။ တောမျက်လုံးကို ရုပ်ပစ်လိုက်ရတာ။ ဝန်ထမ်းတွေကို လခသုံးလစာပေးပေါ့။ အဲသမှာ ဝန်ထမ်းတွေက တို့အရေးလုပ်ကြတော့တာ။

"တောမျက်လုံး ဆက်လက်ထုတ်ဝေရေး တို့အရေး တို့အရေး၊ တောမျက်လုံး ထာဝရထုတ်ဝေရေး တို့အရေး တို့အရေး"

တောမျက်လုံးဂျာနယ်တိုက်က ဝန်ထမ်းတွေ တောင်းဆိုချက်စာတန်းတွေ ကိုယ်စီကိုင်လို့။ ဘယ့်နှာမှ ဆက်လက်ထုတ်ဝေဖို့မဖြစ်လို့ ရုပ်လိုက်တဲ့ဟာကို ထာဝရထုတ်ဝေရမယ်ဆိုတာကြောင့် ဖီးကွက်ကြီးခမျာ မျက်လုံးကြီးကို ပြူးလို့။

ဆန္ဒအပြခံရတဲ့အထဲမှာ ကြဲ့ကြီးလည်းပါတယ်။ ကြဲ့ကြီးက ဟိုတယ်

mgyoe.com

mgyoe.com


ဖွင့်တာ။ ညှော်ကြို သတ္တဝါ၊ အချက်အပြုတ် သတ္တဝါ၊ အလျှော်အဖွပ် သတ္တဝါ၊ သန့်ရှင်းရေးသတ္တဝါ၊ အစားအသောက် တည်ခင်းညှော်ခံသတ္တဝါ အစုံအလင်နဲ့ ဖွင့်ချထည့်လိုက်တာ။ မိဂဒါဝုန်ပိုတယ်တဲ့။ သုံးထပ်။ ရေကူးကန်ပါသေး။ ပန်းခြံကလေးလည်း တွဲလို့။

အဲ... ဧည့်သည်က တစ်ယောက်စ၊ နှစ်ယောက်စ။ အဘယ်သို့သော ရပ်ဝေးမြေခြား လူသားဧည့်သည်ကမှကို လာမတည်းတာပါ။ တိရစ္ဆာန်စုံတွဲကလေးတွေ ရံဖန်ရံခါမလာရင် သရဲခြောက်မှာတောင် ကြောက်ရတဲ့ မိဂဒါဝုန် ဟိုတယ်ကြီး။ ကြာတော့ ပိုင်ရှင်ကြွံကြီး ဘယ်ခံနိုင်ပါတော့မလဲ။

မိဂဒါဝုန်ကို ပိတ်အံ့ဆိုပြီး ဆုံးဖြတ်ချက်ချလိုက်ပြီးတဲ့ နောက်မှာတော့ ဟိုတယ်ဝန်ထမ်း သတ္တဝါကလေးတွေက မကျေနပ်ကြတော့ပါဘူး။ နစ်နာကြေး လခ သုံးလစာပေးတာကိုလည်း လုံးဝ လက်မခံနိုင်ပါဘူးတဲ့။ မိဂဒါဝုန်ကို မပိတ်ရပါဘူးတဲ့။

"ငါတို့တောကို ဘယ်ဧည့်သည်မှ သိပ်မလာဘူး။ ဒါကြောင့် ပိတ်ရတာ"

ကြွံကြီးရဲ့ စောဒကကို တောက လက်မခံဘူးခင်ဗျ။ တန်းစီကြ၊ လက်သီးလက်မောင်းတန်းကြ၊ ကြွေးကြော်ကြပြန်ပေါ့။

"မိဂဒါဝုန် ဆက်ဖွင့်ရေး တို့အရေး တို့အရေး၊ ဟိုတယ်တံခါးမပိတ်ရေး တို့အရေး တို့အရေး"

ဧည့်သည်မလာလို့ ခွက်ခွက်လန်အောင်ရှုံးပြီး ပိတ်ပစ်ရတဲ့ ဟိုတယ်ကို ဆက်ဖွင့်ထားရမယ်ဆိုပြီး ဆန္ဒပြနေလိုက်ကြတာ။

သီးနှံမျိုးစုံထုတ်လုပ်ရောင်းချတဲ့ ဆင်ကြီးတို့ ကုမ္ပဏီကို ဆန္ဒပြတဲ့ပွဲကလည်း တောထဲမှာ အုတ်အော်သောင်းတင်းပါ။ ပြဿနာက စုံနံ့သာမြိုင်ထွက် သီးနှံတွေကို လူတွေက သိပ်မကြိုက်ကြတော့တာ။

တောလိမ္မော်ကို နိုးတဲ့။ တောခရမ်းချဉ်ကို နိုးတဲ့။ တော စတော်ဘယ်ရီကို နိုးတဲ့။ တောစပါးကို နိုးတဲ့။ တောနှမ်းကို နိုးတဲ့။တောကြက်သွန်၊ တောဖရုံ၊ တောဖရဲ၊ တောဂျုံ၊ တောအာလူး၊ တောပဲ၊ အို... မိရိုးဖလာ စိုက်ပျိုးလာတဲ့ တောပင်တောသီးမှန်သမျှကို လူတွေက မသုံးကြတော့။ အဲသမှာ

mgyoe.com

mgyoe.com


ဆင်ကြီးတို့ဖွင့်ထားတဲ့ ဧရာမတောသီးနှံကုမ္ပဏီကြီး အရောင်းအဝယ် အေးစက် ထုံထိုင်းသွားကာ နောက်ဆုံး ပိတ်ပစ်လိုက်ရတာ။

"သီးနှံကုမ္ပဏီ ဆက်ဖွင့်ရေး တို့အရေး တို့အရေး"။ တိရစ္ဆာန်ဝန်ထမ်းတွေ တန်းစီပြီး ဆန္ဒပြလိုက်ကြတာများမျိုးဆိုတာ။

## (သုံး)

ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံက ချုံးချုံးကျကာ ဈေးကွက်မလှတော့တဲ့ စုံနံ့သာမြိုင်တောကြီးထဲမှာ တစ်ခုပြီးတစ်ခု လုပ်ငန်းခွင်တွေ ရပ်ဆိုင်း၊ ခေတ္တပိတ်သိမ်း၊ အပြီးတိုင်ဖျက်သိမ်း၊ မွမ်းမံပြင်ဆင်ရန် ယာယီအနားယူနဲ့မို့ ယောင်တောင်တောင် ကြောင်တက်တက် မောင်းကျောက်မှန်တဲ့ ကြက်လို ဘာလုပ်ရမှန်းမသိတဲ့ သတ္တဝါကလေးတွေခမျာ တို့အရေး တို့အရေးနဲ့ နေတိုင်းလိုလို ဟစ်ကြွေးနေလိုက်ကြတာများဆိုတာ။

ဩော်… တော်နေကြာ တောကြီးကိုပါ အလုပ်မဖြစ်တဲ့တောကြီးဆိုပြီး ဖျက်သိမ်းတယ်၊ ဘာညာလုပ်မှာ ကြောက်နေရတာ။

အဲဒီတော့လည်း ရှိသမျှသတ္တဝါတွေ အကုန်ထွက်တန်းစီပြီး အော်ကြသေးတာပေါ့။

"စုံနံ့သာမြိုင် ကမ္ဘာတိုင်ရေး တို့အရေး တို့အရေး၊ စုံနံ့သာမြိုင် မဖျက်သိမ်းရေး တို့အရေး… တို့အရေး" ဟူလို။ ။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


# တောညတ်တွေ ကွန့်ကာမြူးပါလို့

## (တစ်)

ခင်ဗျား ရိုက်ညီနောင်ကို သိသလားလို့မေးတော့ ဖွတ်ကြီးက သိတယ်လို့ ဖြေသဗျ။

သိရပေမှာပေါ့။ ရိုက်ညီနောင်ဆိုတာက ကမ္ဘာကျော်ပဲဥစ္စာ။ အင်္ဂလိပ်လိုကတော့ Wright Brothers တဲ့။ အမေရိကန် ညီအစ်ကိုနှစ်ယောက်။ တစ်ယောက်က Orville တဲ့။ တစ်ယောက်က Wilbur တဲ့။ အသံကတော့ ကြိုက်သလိုသာ ထွက်ကြပေတော့။ ကမ္ဘာကျော် တီထွင်ဖန်တီးတဲ့လူတွေ အကြောင်းပြောရင် ဘယ်လိုမှ ချန်ထားလို့မရတဲ့ ညီအစ်ကိုနှစ်ယောက်ပေါ့။ ငှက်တွေ လေထဲမှာပျံသလို လူတွေလည်း အတောင်ပံမပါဘဲနဲ့ လေထဲမှာ ဝဲပြီး ကိုယ်လိုရာအရပ်ဆီ ပျံသန်းသွားနိုင်ကြစေဖို့ရာ အလို့ငှာ အဲပလိန်း (Air Plane) လို့ခေါ်တဲ့ လေယာဉ်ပျံကို ဦးစွာပထမ တီထွင်ခဲ့ကြတဲ့ ညီအစ်ကို နှစ်ဦးပေပေါ့။

ဂျက်က အဲဒါကို မေးတာပါ။ ရိုက်ညီနောင်ကို သိသလားလို့ ဖွတ်ကြီးက ရုတ်ခြည်းပါပဲ။ သိသတဲ့။

"အင်ဗန်တာပဲဗျာ မသိဘဲနေမလား" တဲ့။

ဖွတ်ကြီးက Inventor ဆိုတဲ့ တီထွင်ဖန်တီးသူလို့ အဓိပ္ပာယ်ရတဲ့ အင်္ဂလိပ်စကားလုံးကိုတောင်မှ ညှပ်ပြီးတော့ သုံးလိုက်သေး။

mgyoe.com

mgyoe.com


အနို့နဲ့ ဂျက်ကွက်းခြ်ကုန်းလည်း နောက်ထပ် ပါးစပ်ထဲရောက်လာတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်တစ်ယောက်ကို ဆက်လို့ ပြောမိပြန်ပါလေရော။

'ဒါဆို အဆွေဖွတ်ကို နောက်တစ်ယောက်မေးဦးမယ်"

"မေးစမ်းပါ ဂျက်ဆရာရယ်"

"တောမတ်အယ်ဒီဆင်တဲ့၊ တောမက်နော် သောမတ်မဟုတ်ဘူး သိပါလေစ"

ဖွတ်ကြီးက ပြုံးတယ်။ မထိတရီမျက်နှာပေးနဲ့။ ဂျက်က အင်္ဂလိပ်စကားလုံး Thomas Edison ဆိုတာကို တကယ့်သိုးဆောင်းလေပေါက်အောင်ကို ကြိုးစားပြီး ပြောထည့်လိုက်တာ။ အမေရိကန်နိုင်ငံသား တီထွင်ဖန်တီးရှင် တောမက်အယ်ဒီဆင်လေ။

"သူလည်း အင်ဗန်တာပါပဲ။ တီထွင်တာတွေမှ အများကြီး၊ ပြောရရင် တစ်ထောင့်တစ်ညဖြစ်သွားနိုင်တဲ့လူ။ အနို့သော် လူသိများ၍အထင်ရှားဆုံး ဆိုတာကိုပဲ ရွေးပြောလိုက်မယ်။ လိုက်ဘတ်ခင်ဗျ။ မီးသီး၊ လျှပ်စစ်မီးသီး"

ကြည့်စမ်း၊ ဖွတ်ကြီးက တောမတ်အက်ဒီဆင်ဟာ လိုက်ဘတ် (Light Bulb) လို့ခေါ်တဲ့ လျှပ်စစ်မီးသီးကို တီထွင်တဲ့သူ ဖြစ်ကြောင်းကိုပါ တိတိကျကျပြောလို့။ စာပေဗဟုသုတ အတော့်ကိုဖူလုံတဲ့ ဖွတ်ကြီးဖြစ်ပုံရပါရဲ့။

ဂျက်ကွမ်းခြ်ကုန်းလည်း မေးလက်စနဲ့ဆိုသလို ယင်းရင်းအနှီ ဖွတ်ကြီးနဲ့ စကားလက်ဆုံကျနေမိခဲ့တဲ့ တောလက်ဖက်ရည်ဝိုင်းကလေးမှာ နောက်ထပ် ကမ္ဘာကျော်တစ်ယောက်ကို ဖွတ်မိတ်ဆွေ သိမှသိပါလေစဆိုတဲ့ သဘောနဲ့ ထပ်ပြီးမေးမိပြန်ပါရဲ့။

"စမ်းတယ်လို့မှတ်မှာလည်းစိုး၊ မေးကလည်း မေးချင်သေး၊ မေးပါရစေဦး ဖွတ်မိတ်ဆွေ"

ဖွတ်ကြီးက ပြည်တစ်ခွင်မှာ ထိမထင်ပါဘူးလဗျာဆိုတဲ့ အကြည့်မျိုးနဲ့ ဂျက်ကွမ်းခြ်ကုန်းကို ကြည့်ကာ ခေါင်းတစ်ချက် ဆတ်ပြပါတယ်။ တွေးမနေနဲ့၊ ငေးမနေနဲ့ မေးလေကွဲ့ဆိုတဲ့ မျက်နှာထား။

mgyoe.com

mgyoe.com


"အလက်ဇန်းဒါး ဂရေဟမ်ဘဲလ်ဆိုတဲ့ ပုဂ္ဂိုလ်"

အနှီတစ်ကြိမ်မှာတော့ ဂျက်က စကော့တလန်မှာမွေးတဲ့ ဗြိတိန်နိုင်ငံသား Alexander Graham Bell ရဲ့ နာမည်ကို ပြောချဖြစ်ခဲ့ပါလေရော။ ပစ္စည်းတော်တော်များများကို တီထွင်သူရယ်လို့ နာမည်ထွက်တဲ့ပုဂ္ဂိုလ်။ အလက်ဇန်းဒါးဂရေဟမ်ဘဲလ်တဲ့။

"ပြဿနာ နည်းနည်းရှိတယ်။ သူ မူလထွင်တယ်၊ မထွင်ဘူးနဲ့။ ထားပါ၊ အလွယ်ပဲပြောလိုက်ပါ့မယ်။ တယ်လီဖုန်းကို တီထွင်တဲ့လူလေဗျာ"

ဟုတ်ပ။ နောက်ပိုင်းမှာ သူက ဦးစွာတီထွင်တာမဟုတ်ဘဲ သူ့သူငယ်ချင်းက တီထွင်ခဲ့ပြီးသားကို နှမ်းဖြုးတယ် ဘာညာနဲ့ တယ်လီဖုန်းကိစ္စ အငြင်းပွားခံရတဲ့ပုဂ္ဂိုလ်၊ ဂရေဟမ်။ တယ်လီဖုန်းတီထွင်သူအဖြစ် ကမ္ဘာတစ်ဝန်း ဟိုးလေးတကျော် ဖြစ်ခဲ့ရတဲ့သူ။ အဲသည့်သူကို အင်ဗန်တာ (Inventor) လို့ ခေါ်တဲ့ တီထွင်သူအဖြစ် ဖွတ်ကြီးက သိနေခဲ့လေသဗျ။ အံ့ပါရဲ့။

"အဆွေဖွတ် တစ်ယောက်လောက် မေးကြည့်လို့ရဦးမလား ခင်ဗျာ"

ဖွတ်ကြီးက အယောက်တစ်သိန်းမေးတဲ့။ ခပ်ကြွားကြွား၊ ခပ်ထွားထွားရယ်။ ဂျက်လည်း နောက်တစ်ယောက်ကို ဆက်ပြီး မေးထည့်မိလိုက်ပြန်ပါလေရော။

"အလက်ဇန်းဒါးဖလင်းမင်းဆိုတာ သိပါလေစ"

အဲဒါ ဂျက်မေးခွန်း။ ALexander Fleming၊ သူလည်း စကော့မွေး၊ ဗြိတိန်ကြီးတဲ့ လူပါပဲ။ ဆေးပညာလောကမှာ လူသိများတဲ့သူရယ်မို့ ဖွတ်ကြီးဖြင့် စိမ်းနေလောက်တယ်ထင်ပြီး မေးထည့်လိုက်တာ။ ဖွတ်ဖြေပုံကို ကြည့်။

"အယ်... ဒီလူလည်း တီထွင်သူပါပဲ။ အနို့သော် သူ့ကိုဖြင့် တီထွင်သူဆိုတာထက် တွေ့ရှိသူလို့ ပိုပြီးဆိုချင်တာ။ ပင်နီဆီလင်ကို တီထွင်တာက ပန်းကန်ပြားပေါ်က မှိုတွေကို မတော်တဆတွေ့သွားရာက တီထွင်ဖြစ်တာ မဟုတ်လား။ ထားပါလေ အင်ဗန်တာလိုပဲ"

ပင်နီဆီလင် (Penicillin) ရဲ့ ဖခင် အလက်ဇန်းဒါန်းဖလင်းမင်းကိုလည်း ဖွတ်ကြီးက အကျွမ်းဝင်လို့။

mgyoe.com

mgyoe.com


ကဲ... အဖြစ်သရုပ်ကို အနှစ်ချုပ်ကြစို့။ ကမ္ဘာ့ထိပ်သီး တီထွင်ဖန်တီး သူကြီးတွေကို တစ်ယောက်ပြီးတစ်ယောက်ဆိုသလို ဂျက်က ပြောသွား လိုက်၊ ဖွတ်ကြီးက ဖြေလိုက်နဲ့ နောက်ဆုံးမှာတော့ ဂျက်က မေးခွန်းတစ်ခု မေးချလိုက်တဲ့အခါ ဖွတ် ဆတ်ဆတ်ခါအောင် နာသွားပါလေရော။

"တီရစ္ဆာန်တွေမှာ တီထွင်ဖန်တီးတဲ့စိတ်ရှိလို့လား" လို့။

## (နှစ်)

ဖွတ်ကြီးက ဂျက်ကို နောက်တစ်ရက်ချိန်းပါတယ်။ ကားကို ကိုယ် တိုင် မောင်းပါတယ်။ ဂျက်ကို သူ့နံဘေးက ရှေ့ခုံမှာပဲ ထိုင်ခိုင်းပါတယ်။

ခဏအကြာ ကားက သတိပေးသံ တတီတီ ထွက်လာပါတယ်။ အဲသမှာ ဂျက်က သတိပေးသံကို သတိပြုမိသွားပြီး ခါးပတ်ပတ်ဖို့ ပြင်ပါ တယ်။

ဖွတ်က အဟဲဆိုပြီး တစ်ချက် ရယ်သွမ်းသွေးကာ ခါးပတ်ပတ်မနေ နဲ့တဲ့။ ခါးပတ်ခေါင်း အပိုကလေးတစ်ခု လှမ်းပေးပါတယ်။ ထိုးထည့်ထား လိုက်တဲ့။ သူပေးတဲ့ ခါးပတ်ခေါင်းကလေးကို ခါးပတ်ပေါက်ထဲ ထိုးထည့် လိုက်တဲ့အခါ သတိပေးသံ တတီတီပျောက်သွားပါလေရော။

ဖွတ်က ဂျက်ကို ပြုံးကြည့်ကာ ဘယ့်နှယ် တိရစ္ဆာန်တွေ အိုင်ဒီယာ (Idea) မရှိဘူးဆိုတဲ့။

"အထင်သေးဝံ့သေးသလား ဂျက်ဆရာ" တဲ့။

ဟုတ်ကဲ့။ အထင်မသေးဝံ့ကြောင်းပါ။ ။

mgyoe.com

mgyoe.com


## ဖွတ်နှင့် ရောမအကောင်ကြီးများ

**(တစ်)**

ဗိုင်းရပ်စ် (Virus) ကို ဘယ့်နှာ ဘာသာပြန်ဆိုကြပါလိမ့်လို့ အဘိဓာန် ဒစ်ရှင်နယ်ရီ (Dictionary) ဘုတ်အုပ်အထူကြီးလှန်ပြီး ကြည့်လိုက်တော့ ရောဂါပိုးမွှားလို့ ဘာသာပြန်ဆိုထားကြောင်း တွေ့ရလေသဗျ။ ရောဂါပိုးမွှားမှ ရိုးရိုးရောဂါပိုးမွှားမဟုတ်။ ကူးစက်တတ်တဲ့ ရောဂါပိုးမွှား။ နောက်ပြီးတော့ သာမန်မျက်စိနဲ့ မမြင်မတွေ့နိုင်တဲ့ ရောဂါပိုးမွှား။ အဲတော့ ကူးလို့ ကောင်း ပြီပေါ့။ လူတစ်ဦးကနေ နောက်ထပ်လူတစ်ဦး။ သတ္တဝါတစ်ကောင်ကနေ နောက်ထပ် သတ္တဝါတစ်ကောင်။

အဲ... ရောဂါပိုးမွှားဆိုလို့ အမြဲတမ်း အကောင်အထည်ရှိတဲ့ သတ္တဝါ ရယ်လို့လည်း မထင်လိုက်လေနဲ့ဦးခင်ဗျ။ ဘာကောင်မှမပါဘဲနဲ့ စနစ်တို့၊ ဖွဲ့စည်းပုံတို့ ပျက်သွားအောင်၊ ကသိကအောက်ဖြစ်သွားအောင် အနှောင့် အယှက်ပေးတာလည်း ဗိုင်းရပ်စ်ပါပဲ။ ကွန်ပျူတာဗိုင်းရပ်စ်ဆိုတာ အဲ သဘောမျိုးပေါ့။ တကယ့်ပိုးမွှားက ရောဂါကူးစက်အောင်လုပ်တာမဟုတ်ဘဲ နဲ့ ကွန်ပျူတာထဲက အချက်အလက်တွေ မှောက်မှောက်မှားမှားနဲ့ ပေါက် တတ်ကရတွေ အကုန်လုံးဖြစ်ကုန်အောင် စနစ်ကို ဖျက်ပစ်လိုက်တာကို လည်း ဗိုင်းရပ်စ်ဝင်တယ် ဘာညာနဲ့ ပြောကြဆိုကြတာပါပဲ။

အခုတော့ ဗိုင်းရပ်စ်က စိတ်ထဲမှာလည်း ဝင်ပြီးတော့ ကူးစက်နေတဲ့

mgyoe.com

mgyoe.com


ပုံပါပဲ။ အထူးသဖြင့် စုံနံ့သာမြိုင် တောကြီးထဲက သတ္တဝါလေးတွေရဲ့ရင်ထဲ၊ အသည်းထဲ၊ စိတ်ထဲမှာပေါ့။ ငါဟာ အရေးပါပြီး အရာရောက်တဲ့ သတ္တဝါပါကလား၊ သိပ်ပြီး မခေတဲ့ တိရစ္ဆာန်ပါကလား၊ မြိုင်ယံတစ်လွှားမှာ ပြိုင်စံရှားတဲ့ သတ္တဝါတစ်ကောင်ပါကလားဆိုတဲ့ စိတ်ကြီးဝင်တဲ့ရောဂါ။ အဲသလိုမျိုး စိတ်ဝေဒနာရောဂါ ဗိုင်းရပ်စ်တစ်မျိုးဟာ တောထဲကသတ္တဝါငယ်ကလေးတွေရဲ့ အသွေးအသားထဲမှာ ဝင်ရောက်နေခဲ့ပုံရလေသဗျ။

အဲ... အနို့ကလိုကိစ္စကို မြင်သာထင်သာရှိအောင် ဘယ့်နှာလို သတ္တဝါမျိုးနဲ့ သာဓကဆောင်ကာ ငါကွ အကောင်ဆိုတဲ့ ဗိုင်းရပ်စ်ဝင်ပုံကို ရေးပြရရင် ကောင်းလေမလဲလို့ စဉ်းစားမိတော့ ဝါဂွမ်းတစ်လုံးကို မီးတစ်ခဲနဲ့ ပြာကျသွားစေတဲ့ ထုံးကိုနှလုံးမူပြီးတဲ့သကာလ ဖွတ်တစ်ကောင်ရဲ့ အယ်လ်ဘမ် (Album) တစ်အုပ်ကို ဖွင့်လှစ်ပြလိုက်ရုံနဲ့ကိုပဲ လုံလောက်လို့ သွားမယ်ထင်ပါရဲ့။

ဒီလိုခင်ဗျ။

## (နှစ်)

တိရစ္ဆာန်ကလေးတွေ စုစု စုစုနဲ့ ရှိကြပြီလို့ဆိုရင် ဒါမှမဟုတ် သူ့ဆီကို ညှော်သည်စောင်သည် တစ်ကောင်ကောင် ရောက်လာခဲ့ပြီလို့ဆိုရင် ဖွတ်ကြီး လုပ်မယ့်အလုပ်က ဘဇာလို့များထင်လေသတုံး အရပ်ကတို့ရဲ့။ ခုနက ပြောခဲ့တဲ့ ဖွတ်အယ်လ်ဘမ်ကို ဖွတ်လှန်တော့တာပါပဲလေ။ ပြီးရင် ဓာတ်ပုံတစ်ပုံချင်းကို လက်ညှိုးကလေး ထောက်ကာ ထောက်ကာနဲ့ လျှာကလေး ပြူတစ် ပြူတစ်လုပ်ကာ ကျွန်ုပ်နှင့် အဘယ်သတ္တဝါကြီးပေါ့ဆိုတဲ့ စကားနဲ့ အစချီကာ မြိုင်သေလာမှာဖြင့် အိုင်မခေပါဘူးဆိုပြီး ရဂုံအနီးမှာ ပုံကြီးချဲ့ စမြဲပေပ။

"အဲသဟာ ခြင်္သေ့နဲ့ ရိုက်ထားတဲ့ပုံလေ၊ နေဦး ဘယ်တုန်းကပါလိမ့်။ ဩော်... ဟုတ်ပြီ၊ တိရစ္ဆာန်ကလေးတွေ ကဗျာရွတ်ပြိုင်ပွဲလုပ်တုန်းက ခြင်္သေ့ကြီး ရောက်လာတာ။ အဲသမှာ ရိုက်ထားတာ"

ဖွတ်ကြီးက သူနဲ့ ခြင်္သေ့နဲ့ တွဲရိုက်ထားတဲ့ဓာတ်ပုံကို ပြပါတယ်။

mgyoe.com

mgyoe.com


ပုံစာက ကျွန်ုပ်နှင့် ခြသေ့်တဲ့။ ခြသေ့်က မျက်နှာထားခပ်တည်တည်ရယ်။ ဖွတ်က ပါးစပ်ကြီးဖြဲလို့။

အယ်လ်ဘမ်ကို နောက်တစ်ရွက်လှန်လိုက်တော့ ဖွတ်က ဆင်ကြီးနဲ့ ခင်ဗျ။ နှစ်ကောင်သားယှဉ်ပြီးရပ်နေကြတဲ့ပုံ။ ဆင်နဲ့ဖွတ်ဆိုတော့ အကောင် အထည်က ကွာလွန်းလှတဲ့ဥစ္စာ။ ကြည့်ရတာပုံက အလေးအပေါ့ မညီလှပါ ဘူး။ ဒါပေမဲ့ ဖွတ်က ပြုံးလို့ပါပဲ။

"နေဦးဗျ အဲသည်ပွဲက တိရစ္ဆာန်နီတိ ဟောပြောပွဲသွားတုန်း ဆင်ကြီး က တွေ့ချင်လှပါတယ်ဆိုတာကြောင့် သွားတွေ့ရင်းနဲ့ ရိုက်ထားဖြစ်တာ။ ဆင်ကြီးက တောထဲကသတ္တဝါကလေးတွေ ခုနောက်ပိုင်း နီတိဘက်မှာ အားနည်းလာတာကြောင့် ဖွတ်ကြီးတို့ ခုလိုလိုက်ဟောတာကို သဘောကျ ကြောင်း မိန့်မှာသေးတာ"

ဖွတ်က ဆင်နဲ့တွဲရိုက်ထားတဲ့ ဓာတ်ပုံကလေးကို လက်ကလေးနဲ့ ထောက်ပြီး ဤငတိ မခေပါဘူးဆိုတာကို ပီတိဝေဝေဆာဆာနဲ့ ကရားရေ လွှတ် တတွတ်တွတ်ဆိုသလိုကို ပြောသဗျ။

"အဲ... နေဦး ဒေါင်းမလေးနဲ့ တစ်ပုံရိုက်ထားသေးတယ်။ ဘယ်မှာ ပါလိမ့် ပုံက"

ဖွတ်က သူ့အယ်လ်ဘမ်ဘုတ်အုပ်ကို ဟိုလှန်သည်လှန်နဲ့ ကပျာ ကသီ ဆိုသလို သူအရေးကြီးတယ်လို့ ထင်ပုံရတဲ့ဓာတ်ပုံကို လိုက်ရှာတာဗျ။ တစ်နေရာရောက်လို့ ဓာတ်ပုံကိုလည်းတွေ့ရော တန့်သွားပါလေရော။

ဟုတ်ပ။ စုံနံ့သာမြိုင်မှာ အရေးပါအရာရောက်တဲ့ သတ္တဝါတွေထဲက တစ်ကောင်ဖြစ်တဲ့ ဒေါင်းမကလေးနဲ့ ဖွတ်နဲ့ ယှဉ်တွဲကာ မတ်တတ်ရပ်နေ တဲ့ပုံ။ ဒေါင်းမလေးက အေးအေးဆေးဆေးပါပဲ။ ပဝါနှစ်စ အသာချလို့။ ဖွတ်ကတော့ ဒေါင်းမကလေးနားကို ကပ်နိုင်သမျှ အတင်းတိုးကပ်ကာ လွန် စွာ အကျွမ်းတဝင်ရှိလေဟန်ပုံမျိုးဖမ်းလို့။

"အဲဒါက စုံနံ့သာမြိုင်မှာ စာအုပ်ပွဲတော်ကျင်းပတုန်းက အမှာစကား ပြောအပြီး ဒေါင်းမလေး စင်ပေါ်ကဆင်းအလာမှာ ရိုက်ထားတာ"

ထုံးစံအတိုင်းပါပဲ။ ဓာတ်ပုံအောက်မှာ ပုံစာအညွှန်းကလေးနဲ့။ ကျွန်ုပ်

mgyoe.com

mgyoe.com


နှင့် ဒေါင်းမလေးတဲ့။

နောက်ဓာတ်ပုံတစ်ပုံက ကျားနဲ့တွဲရိုက်ထားတဲ့ဓာတ်ပုံ။ ကျားက တောရဲ့လုံခြုံရေးမှာ အရေးပါတဲ့သတ္တဝါ။ ဖွတ်က ကျားနဲ့ စားပွဲဝိုင်းတစ်ဝိုင်းတည်းမှာ ညစာမစားခင် ပြုံးပြုံးကြီးရိုက်ထားတဲ့ ဓာတ်ပုံခင်ဗျ။

"ဒါက ဟိုဟာလေ တိရစ္ဆာန်ကလေးတွေ မျိုးချစ်စိတ်ထက်သန်ရေး စာစီစာကုံးပြိုင်ပွဲမှာ ကျားကြီးက လာရောက်ချီးမြှင့်တုန်း အမှတ်တရရိုက်ထားတာ။ အားကြီးစိတ်ထားကောင်းတဲ့ ကျားကြီး။ ပြုံးပြုံးပြုံးပြုံးနဲ့"

ဖွတ်က ကျွန်ုပ်နှင့် ကျားကြီးဆိုတဲ့ ဓာတ်ပုံကို ပြပါတယ်။ ကျွန်ုပ်နှင့် မြင်းမလေးဆိုတဲ့ ဓာတ်ပုံထဲမှာကျတော့ တိရစ္ဆာန်ရုပ်ရှင်သရုပ်ဆောင်မြင်းမလေးနဲ့ ဖွတ်နဲ့ ခင်ဗျ။ ကျွန်ုပ်နှင့် သစ်ကုလားအုတ်ဆိုတဲ့ ဓာတ်ပုံထဲမှာက တောလုံးအနှံ့ထင်ရှားတဲ့ ဂစ်တာသမား သစ်ကုလားအုတ်ကြီးနဲ့ ဖွတ်နဲ့ စင်မြင့်တစ်ခုရဲ့နံဘေးမှာ ရိုက်ထားတဲ့ပုံ။ ကျွန်ုပ်နှင့် ကြံ့ကြီးဆိုတဲ့ ဓာတ်ပုံထဲမှာက တောအာဏာပိုင်အဆက်ဆက်ကို ထိမထင်တာကြောင့် တိရစ္ဆာန်အကျဉ်းထောင်တွေထဲမှာ နှစ်ပေါင်းများစွာနေလာခဲ့ရတဲ့ ကြံ့ကြီးနဲ့ ဖွတ်နဲ့ပုံ။ ဖွတ်က မိကျောင်းနဲ့လည်း အလွတ်မပေးဘူး။ တွဲဖြစ်အောင်ကို တွဲရိုက်ထားလိုက်သေးတာ။ မိကျောင်းက တိရစ္ဆာန်ဇာတ်သဘင်လောကမှာ နာမည်ကျော် ဇာတ်ဆရာလေ။ ဖွတ်က ကျွန်ုပ်နှင့် မိကျောင်းတဲ့။

## (သုံး)

တောထဲမှာကူးစက်နေတဲ့ ဗိုင်းရပ်စ်ဆိုတာက ယင်းငှင်းအနှိဗိုင်းရပ်စ်ကို ပြောတာပါ။ အကောင်ကြီးတွေနဲ့ တွေ့ဖူးဆုံဖူးပါသဗျာရှင်ဆိုတဲ့ရောဂါ။ သတ္တဝါတိုင်း သတ္တဝါတိုင်းက အနှိနှယ်ဖွတ်ကြီးလို ခဏကလေးပဲဖြစ်ဖြစ် တိရစ္ဆာန်အရာဝင်သလိုလို ဘာလိုလိုနဲ့ အထင်မှတ်ခံရချင်တဲ့ရောဂါ။

အားမနာလျှာမကျိုး ဂျက်က ဖွတ်ကြီးကို တုတ်ထိုးအိုးပေါက် ပြောထည့်လိုက်ဖူးတဲ့ စကားကို အနှိကလို မခေပါဘူးကွာဆိုတဲ့ ရောဂါရှိနေတဲ့ သတ္တဝါကလေးတွေကို ပြောထည့်လိုက်ချင်တာပါ။

"ကျားနဲ့ဖြစ်ဖြစ်၊ ဆင်နဲ့ဖြစ်ဖြစ်၊ ခြသေ့ံနဲ့ဖြစ်ဖြစ်၊ မိကျောင်းနဲ့ ဖြစ်

mgyoe.com

mgyoe.com


ဖြစ်၊ မြင်းနဲ့ဖြစ်ဖြစ်၊ ဒေါင်းနဲ့ဖြစ်ဖြစ် ဘယ်လောက်ကြီးတဲ့သတ္တဝါနဲ့ တွဲတွဲ ဖွတ်ကတော့ ဖွတ်ပဲမဟုတ်လား အဆွေဖွတ်ဆရာရဲ့။ ဖွတ်အသွင်ကို ဖွတ် ပြင်လို့မှ မရတဲ့ဥစ္စာ" လို့။

ဟုတ်တယ်လေ။ သတ္တဝါတစ်ကောင် နာမည်ကျော်ဖို့ဆိုတာ အဲ သည့် သတ္တဝါရဲ့လုပ်ရပ်နဲ့ပဲ ဆိုင်တဲ့ဥစ္စာ။ ဧရာမအကောင်ကြီးတွေနဲ့ တွဲရပ် တိုင်း ကိုယ်ပါ ဧရာမဖြစ်လာကြစတမ်းဆိုရင် ပုရွက်ဆိတ်တွေက ဒိုင်နို ဆောနဲ့ တွဲပြီး မှတ်တမ်းယူကုန်ကြတော့မှာပေါ့။

စုံနံ့သာမြိုင်မှာ ရောဂါဆန်းတွေပေါ်တယ်။ ။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


## တောသဘာဝနဲ့ ဩကာသလိုက်ကြခြင်း

### (တစ်)

သတင်းပူရယ်လို့ ဘာသာပြန်လိုက်ရင်ဖြင့် စာတတ်၊ ပေတတ် အင်္ဂလိပ်စာတစ်ဖက်ကမ်းခပ်သူတွေက သဘောမကျတော်မူပါ့မလားမသိ။ ဟုတ်ပ။ ဂျက်ကွမ်းခြံကုန်းကတော့ ဟော့နယူး (Hot News) ဆိုတာကြီးကို အနို့ကလို သတင်းပူလို့ပဲ ဘာသာပြန်ဆိုထည့်လိုက်ချင်မိတာပါ။ ဟုတ်တယ်လေ။ အနို့ကလို သတင်းမျိုးက ခပ်တော့ခပ်ပူပူရယ်မဟုတ်လား။ သတင်းပေါ်မှာ ရေနွေးအိုးကလေး၊ ဘာကလေး တင်လို့များ ထားမိလိုက်ရင် ရေတောင်မှ ဆူနိုင်ပွက်နိုင်မယ်ထင်မိပါရဲ့။

သတင်းလောကသမားတွေကတော့ အဲသည်အနို့ဟော့နယူး (Hot News) ကို လောလောလတ်လတ်၊ ပူပူနွေးနွေး သတင်းရယ်လို့ ဘာသာပြန်ဆိုကြတာပါပဲ။ နေဦး နောက်စကားလုံးတစ်ခုရှိသေးတယ်။ ဘရိတ်ကင်းနယူး (Breaking News) ဆိုတာ သူလည်း လောလောလတ်လတ်သတင်းပဲပေါ့။ စက်ရုပ်သတင်းပဲပေါ့။ အဲ... ပူတော့ နည်းနည်းပူတာပါပဲ။

အခု စုံနံ့သာမြိုင်မှာ ဟော့နယူး (Hot News) ဖြစ်နေတာက ဘဇာသတင်းများပါလိမ့်။ ဩော် နားရှိလို့ကြားခဲ့ရ။ ကန်တော့တဲ့သတင်းတဲ့ ခင်ဗျ။ လက်အုပ်ချီမိုး ရှိကြီးခိုးပါရဲ့ဆိုတဲ့ သတင်း။

ပြဿနာက နာဠာဂီရိဆင်ကြီးက စတာ။ တောထဲမှာ အကောင်

mgyoe.com

mgyoe.com


နည်းနည်းထွားတဲ့ တိရစ္ဆာန်ကြီးတွေကို ကန်တော့ကြစို့ဆိုတဲ့ လှုပ်ရှားမှု ဘယ်ကနေဘယ်လိုမှန်းမသိစပြီး သက်ဝင်နိုးထလာတော့ အဲသမှာ နာဠာ ဂီရိ ဆင်ကြီးကလည်း အကန်တော့ခံ သတ္တဝါကြီးတွေထဲမှာ မြိန့်မြိန့်ကြီး ဝင်လို့ ထိုင်နေလေသတဲ့ခင်ဗျ။

အများသိတော်မူကြတဲ့အတိုင်း နာဠာဂီရိဆိုတဲ့ ဆင်ကြီးက နာမည် ပျက်နဲ့ရယ်။ နာမည်က သိပ်တော့မပျက်ပါဘူး။ ဂေါတမဘုရားရှင်ကို နင်း သတ်ဖို့ ကြိုးစားဖူးတဲ့အမှု။ အရက်အမျိုးမျိုးတွေသောက်ပြီး နင်းသတ်ဖို့ ကြိုးစားခဲ့ဖူးတာ။ အို… တစ်တောလုံးကျွက်ကျွက်ကို ညံလို့။ အနို့ကလို မှားခဲ့ဖူးတဲ့ ဆင်ကြီးရယ်။ နောက်တော့မှ မေတ္တာတရားလိုလို ဘာလိုလိုနဲ့ အသံထွက်လာတာ။

အဲဒါ အခုတိရစ္ဆာန်အိုကြီးတွေ ကန်တော့ကြစို့ဆိုတဲ့ လှုပ်ရှားမှု လည်း ပေါ်လာရော ဘုရားကိုသတ်ဖို့ ကြံဖူးတဲ့ နာဠာဂီရိဆင်ကြီးက အကန် တော့ခံမယ့် သတ္တဝါကြီးတွေနေရာမှာ ဝင်ထိုင်နေတာ။ မှတ်ကရော။ ဘယ့် နှာသို့ လုပ်ကြရပ့်။

တိရစ္ဆာန်ကလေးတွေက အားနာတတ်ကြလေသတဲ့ခင်ဗျ။သူတောင် မှ မျက်နှာပြောင်တိုက်ပြီး အကန်တော့ခံဖို့ ထိုင်နေလေသမို့ဥစ္စာ မထူးပါဘူး လကွာဆိုတဲ့ ခွင့်လွှတ်တဲ့စိတ်နဲ့ မျက်နှာကိုယ်စီရှုံ့တွကာ နှုတ်တဖွဖွနဲ့ အယုတ္တ အနတ္ထ အဆဲအဆိုတွေကို ခပ်တိုးတိုးရေရွတ်ရင်း ကန်တော့လိုက် ကြပါလေရော့ဆိုလား။

အဲသမှာ အနို့သတင်းက ဟော့နယူး (Hot News) ဖြစ်သွားတာ။ ဂေါတမဘုရားရှင်ကိုတောင် အရက်တွေမူးပြီး နင်းသတ်မလို့ကြံဖူးတဲ့ ဆင် ကြီးကို တိရစ္ဆာန်တွေက ထိုင်ကန်တော့ကုန်ကြပြီလကွ ဆိုပြီးတော့ပေါ့။

သတင်းက တောသတင်းပေမို့ တောအတွင်းနယ်နိမိတ်ကလေးထဲ မှာပဲ ပျံ့နှံ့သွားတာမျိုးဆိုရင် တော်ပါရဲ့။ အခုဟာက သတင်းနည်းပညာ ခေတ်။ ကမ္ဘာ့အရှေ့ဖျားက သတင်းက ဟိုးအနောက်ဖျားကို စက္ကန့်ပိုင်း ကလေးနဲ့ ရောက်သွားတာ။

"စုံနံ့သာမြိုင်မှာ တိရစ္ဆာန်တွေ ဘယ်အကောင် စင်ပေါ်တက်တက်

mgyoe.com

mgyoe.com


အားနာပါးနာနဲ့ ကန်တော့ကုန်ပြီတဲ့"

တောက အနို့ကလို သတင်းထွက်သွားတာ။ အကန်တော့မခံရလို့ စိတ်အားငယ်နေပြီလား။ စုံနံ့သာမြိုင်ကို အရောက်သွားတဲ့။

(နှစ်)

အနို့ကလိုနဲ့ နောက်နှစ်တစ်ခါ တိရစ္ဆာန်ကြီးတွေကို ကန်တော့မယ့် ရာသီပြန်ရောက်လာပြန်ပါလေရော။

ထူးလည်းထူးတဲ့ဂနိုင်။ မြိုင်အစပ်ဆီက ဂနိုင်ဘတ်စ်တွေရပ်တဲ့ နေရာမှာ တောကိုဝင်ဖို့ လူထူးလူဆန်းကြီးတွေ ရောက်လာကြပါရောဆိုလား။

တစ်ယောက်က ဟစ်တလာ။ အဒေါ့ဖ်ဟစ်တလာ (Adolf Hitler)။ ဂျူးလူမျိုးခြောက်သန်းကျော်ကို ရက်ရက်စက်စက် သတ်ပစ်ခဲ့တဲ့ ဟစ်တလာ။ ဂျာမနီအာဏာရှင် ဟစ်တလာ။

သူက ဘဝမှာ အကန်တော့ကလေးတော့ဖြင့် ခံသွားကြည့်ချင်သေးသပဆိုလား။ အဲသမှာ နာဠာဂီရိဆင်ကြီးက လှမ်းဖိတ်တာတဲ့။ ဘုရားကို သတ်ဖို့ကြံဖူးတဲ့ ကျွန်ုပ်ပင် အကန်တော့ခံနေရလေပြီ။ တစ်ခါအကန်တော့ ခံရပြီးလျှင် နှစ်စဉ်ဆက်၍ ကန်တော့ကြရတော့သည်မှာ တော၏သဘာဝ။ သို့ဖြစ်၍ အဆွေဟစ်တလာကိုလည်း လာရောက်အကန်တော့ခံစေလိုသည်။ လူ့လောက၌ မည်သူတစ်ဦးတစ်ယောက်၏ ကန်တော့သမှုပြုခြင်းကိုမှ ခံရရန် မလွယ်ကူသော အဆွေတို့လိုလူအဖို့ တော၌ လာအကန်တော့ခံစေလိုသည်ဆိုလား။

သို့ကလို လှမ်းဖိတ်တာကြောင့် ဟစ်တလာက နောက်တစ်ခါ ကန်တော့ ရာသီအမီ တောသို့လာရောက်ခြင်း ဖြစ်သည်ဆိုလား။

အဲ... နောက်တစ်ယောက်ကလည်း လူသတ်သမား။ ပိုပေါ့ (Pol Pot)တဲ့။ ကမ္ဘောဒီးယား လက်ဝဲစွန်းသမား။ ခမာ ခမာချင်း ပြန်သတ်တာ လူနှစ်သန်း။ လူ့အဖွဲ့အစည်းသန့်စင်သွားဖို့ဆိုပြီး ကျောင်းဆရာ၊ ဆရာဝန်၊ တေးသံရှင်၊ သရုပ်ဆောင်၊ ကချေသည်၊ ဈေးသည် အကုန်လုံးကို အမှုစစ်ကာ လူသတ်ကွင်းတွေဆီခေါ်သွားပြီး သတ်ပစ်ခဲ့တဲ့လူ။ သူကလည်း အခု

mgyoe.com

mgyoe.com


ကြီးလာတော့ အကန်တော့ခံချင်ပြန်သတဲ့။ ဒါ့ကြောင့် စုံနံ့သာမြိုင်အစပ်မှာ ရပ်လို့။ တောကိုဝင်ဖို့ရာဆိုလား။

အဖေကိုသတ်တဲ့ အဇာတသတ်၊ ဘုရားလောင်းမျောက်မင်းကို သတ်တဲ့ မုဆိုး၊ တောစပ်မှာ လူဆိုးတွေစုလို့။

(သုံး)

တိရစ္ဆာန်ကြီးများ အကန်တော့ခံပွဲခန်းမထဲမှာ အကန်တော့ခံမယ့် နေရာအသီးသီးမှာ ခုနကပြောခဲ့တဲ့ လူဆိုးဆိုသူတွေပါ နေရာယူပြီးတဲ့အခါ ဟာစ်တလာက စိုးရိမ်စိတ်နဲ့ နံဘေးက နာဂဥ္စာဂီရိကို မေးပါတယ်။

"တိရစ္ဆာန်တွေကြား ကျုပ်တို့လူတွေပါနေတာ သင့်ပါ့မလား" တဲ့။

နာဂဥ္စာဂီရိကဖြေတယ်။

"သင့်ပါ့ဗျာ။ ခင်ဗျားတို့ကိုလည်း တိရစ္ဆာန်လို့ပဲ သဘောထားတဲ့ ဥစ္စာ" တဲ့။

ဟုတ်ပ။ ဒါဆိုတော့ ကန်တော့ရတာ အရုပ်မဆိုးတော့ဘူး။ တိရစ္ဆာန်သာသာ လူတွေကို တိရစ္ဆာန်တွေက လက်ခံနေရာပေးတာ။

ကဲ... လက်အုပ်ချီလိုက်ကြဦးစို့။ ။

mgyoe.com

mgyoe.com


# သောကကုဋ္ဌေကုဋ္ဌာနဲ့ တောကငွေအသပြာ

## (တစ်)

စုံနံ့သာမြိုင်တွင် ပေါ်ထွန်းခဲ့သည့် ပြဿနာများဆိုတဲ့ နာမည်နဲ့ ဘုတ်အုပ်အထူကြီးတွေ တစ်အုပ်ပြီးတစ်အုပ် ရေးထုတ်ပစ်လိုက်ဖို့သာ ကောင်းနေပေတော့ချေသည်တမုံ့။

အဟုတ်။ တော်တော့ကို ပြဿနာပွေတဲ့တောကြီး။ လင်းကြက်က အောက်အီအီးအွတ်ဆိုတဲ့ အသံနဲ့အတူ တောင်ပံနှစ်ဖက်ကို တဖျပ်ဖျပ် ရိုက်ခတ်ကာ နေ့သစ်ကို အခန်းအသစ်စဖွင့်လိုက်တာနဲ့ မနေ့တုန်းကဖြင့် တောရဲ့ အဘယ်ချောင်၊ အဘယ်အစပ်၊ အဘယ်အရပ်မှာဖြင့် အဘယ်သို့သော ပြဿနာတွေတက်လို့ အဘယ်ဂရု(ပ်) (Group) တွေကြားမှာ အဘယ်အမှုတွေ ပွားနေကြပါပြီကောဆိုတဲ့ အသံဗလံတွေက ထွက်ပြီးသား။ ဟိုကမူဘေးမှာ တွတ်တွတ်တွတ်တွတ်။ သည်ဂူနံဘေးမှာ ကျွတ်ကျွတ်ကျွတ်ကျွတ်။ ဟိုမြောင်အစပ်မှာ မျက်နှာကိုမဲ့လိုက်။ သည်ချောင်အရပ်မှာ မျက်နှာကို မဲ့လိုက်။

အခုတော့ တိရစ္ဆာန်တွေ လက်မနဲ့ လက်ညှိုးကို ဝိုင်းဝိုင်းပြီးတော့ တိုးတိုးတိုးတိုးနဲ့ ပြောနေကြပြီဆိုကတည်းက ဒါဟာ ပိုက်ဆံကိစ္စပဲပေါ့။ တောမန်းနီး (Money) အမှု။ တိရစ္ဆာန်အသပြာ ပြဿနာ။

စုံနံ့သာမြိုင်မှာ နောက်တစ်မှုတိုးပြန်ပါလေခဲ့။

mgyoe.com

mgyoe.com


(နှစ်)

ပြဿနာက တောအာစရိယပူဇော်ပွဲက စတဲ့ပြဿနာ။

ထုံးစံအတိုင်း တိရစ္ဆာန်ကျောင်းသားဟောင်းတွေက သူတို့ဆရာ၊ ဆရာမဟောင်းတွေကို ပြန်စုပြီး နှစ်စဉ်ကန်တော့နေကျအတိုင်း အခုနှစ်မှာလည်း ကန်တော့မြဲကန်တော့ကြကာ အာစရိယပူဇော်ပွဲ ဆင်နွှဲကြလေသတဲ့။ ကကြ၊ ခုန်ကြ၊ သီချင်းဆိုကြ၊ အမှတ်တရစကားပြောကြ။

တိရစ္ဆာန်စကူးလ်မှာ စာသင်ကြားပေးခဲ့ကြတဲ့ ဆရာ၊ ဆရာမတွေထဲက ကျန်းမာရေးမကောင်းလို့ မလာနိုင်တဲ့ ဥဒေါင်းငှက်ကြီးတစ်ကောင်ကလွဲရင် အကုန်တက်ရောက်တဲ့ ပွဲကြီးပါ။ ဆရာအိုကြီးဖြစ်တဲ့ ဆင်ကြီးကို သူ့တပည့်တွေကတွဲလို့။ ခုထိတိုင် အပျိုကြီးလုပ်နေတဲ့ ဆရာမကြီးဖြစ်သူ မြင်းမကြီးကို သူ့တပည့်တွေက ဝိုင်းပြီးကျီစယ်လို့။ ပျော်တတ်တယ်လို့ နာမည်ကြီးတဲ့ ဆရာကြီးဖြစ်သူ မျောက်ဝံကြီးကတော့ တပည့်တွေကြားမှာ အာလုပ်သံကြီးနဲ့ တဝါးဝါးတဟားဟား။

ခပ်တိုတိုပြောကြစို့ရဲ့။ တော်တော့်ကို ပျော်စရာကောင်းတဲ့ပွဲကြီးဆိုပါတော့။ ဒါပေမဲ့ အနို့သော် သို့သော်လည်းဆိုတဲ့ စကားနဲ့ဆက်ရရင် နောက်တစ်နေ့ နံနက်လည်းလင်းရော ခုနကအပျော်တွေ ရပ်ဆိုင်းလို့သွားပါလေရော။

တောအာစရိယပူဇော်ပွဲ တက်ရောက်လာကြတဲ့ ဆရာ၊ ဆရာမသတ္တဝါကြီးတွေ တိရစ္ဆာန်ရဲစခန်းကို ရောက်ကုန်ကြပါရောဆိုလား။

ဘယ့်နှာသို့ဖြစ်ကြရပြန်တာပါလိမ့်။

(သုံး)

အပျိုကြီး ဆရာမဖြစ်သူ မြင်းမကြီးက သူ့တပည့်တွေကန်တော့တဲ့ တောပိုက်ဆံတွေကို စာအိတ်ထဲကနေထုတ်ကာ တောဘဏ်ရှိရာသွားပြီး သူ့ရဲ့ ငွေစုစာအုပ်ထဲကို ထည့်လေသတဲ့။

"ဆရာမကြီးပိုက်ဆံက အရွက်ကြီးတွေချည်းပဲ။ ဟောသမှာ အတုက သုံးရွက်တောင်မှ"

mgyoe.com

mgyoe.com


ဘဏ်က သတ္တဝါအမကလေးက သို့ကလိုပြောအပြီးမှာ တောဘဏ် ထဲကို တိရစ္ဆာန်ရဲတွေ ရောက်လာတာပါ။

တဟားဟားနဲ့နေတတ်သူ ဆရာကြီးဟောင်း မျောက်ဝံကြီးက တပည့်တွေကန်တော့တဲ့ အသပြာနဲ့ တိရစ္ဆာန်ဈေးထဲဝင်ပြီး လက်ကိုင်ဖုန်း အသစ်ကို ဝယ်တာ။

"ဆရာကြီးရှင့် ဒီအသပြာနှစ်ရွက်ကို ပြန်လဲပေးပါ။ ရေစာနဲ့ကြိုးမှာ ပြဿနာတွေ့နေပါတယ်။ အတုတွေပါ"

သိပ်မကြာပါဘူး။ ဖုန်းဆိုင်ထဲကို တိရစ္ဆာန်ရဲတွေ ရောက်လာတာပါ ပဲ။

ဆင်ကြီးကကျတော့ သူ့တပည့်တွေကန်တော့တဲ့ အသပြာတွေကို ဘဏ်ကနေငွေလွှဲတာ။ သူ့မြေးက သစ်တောတက္ကသိုလ်တက်နေတာ မဟုတ်လား။ အဘိုးက မြေးဆီလွှဲပေးတာ။ ပြဿနာဝင်တာပါပဲ။

"ဟောဗျာ အသပြာအတုက သုံးရွက်တောင် ဆရာကြီးရေ၊ ဘယ့်နှာ လုပ်ကြမတုံး"

ဘဏ်စာရေးကလေးက တုန်ချည့်တုန်ချည့်ဖြစ်နေတဲ့ ဆရာကိုဆင် ကြီးကို ကြည့်ကာ ခေါင်းခြောက်သွားတဲ့ပုံနဲ့။ နောက်တစ်ခါ လာပြန်ချည် သေးပဲပေါ့။ တိရစ္ဆာန်ရဲတွေ။

တောရဲစခန်းထဲရောက်နေတဲ့ ဆရာအိုသတ္တဝါကြီးတွေ ငွေအတု ဘယ်ကရ၊ ဆရာတွေကိုကန်တော့ဖို့ လှူကြတန်းကြ ငွေထဲမှာ မန်းနီးအတု က ဘယ်သတ္တဝါဆီကပါ၊ ၎င်းသတ္တဝါတွေထံ ဘယ်နေရာကနေ ယင်း အသပြာတွေရောက်၊ အို... ခေါင်းခြောက်ဖို့ကောင်းလိုက်တာ။

## (လေး)

အနို့ကလို သို့ကလို ပြဿနာကလေးတွေ တက်အပြီးမှာ တောဟာ တိုးတိုးတိုးတိုးနဲ့။

"ဟဲ့... ကြံဖိုးပေးတဲ့အသပြာထဲမှာ အရွက်ကြီးတွေပါတယ်ဆို၊ ကိုယ့် လက်ထဲ ကြာကြာမထားနဲ့"

mgyoe.com

mgyoe.com


"သမီးရေ ဈေးဝယ်လို့ အရွက်ကြီးပေးရင် မယူနဲ့နော်။ မအမ်းနိုင်ဘူးလို့ပဲ ပြော"

"အလှူခံပုံးထဲကို အရွက်ကြီးတော့ မထည့်လေနဲ့။ တောသတ္တဝါ အပေါင်းတို့။

တောရဲ့စခန်းမှာ အကန့်တော့ခံ ဆရာ၊ ဆရာမကြီးတွေ ပြဿနာ အထွေထွေ ရှင်းနေကြရတဲ့သတင်း စပြီးထွက်ကတည်းက သတ္တဝါတွေ သူတို့လက်ထဲက တောပိုက်ဆံတွေကို မအီမသာမျက်နှာ၊ အောင့်သီးအောင့်သက် မျက်ခွက်ကြီးတွေနဲ့ ကိုင်လို့။

(ငါး)

ပိုက်ဆံကို အရွက်ကြီးကြီးကိုင်ရလေ စိုးရိမ်သောကရောက်လေဆိုတဲ့ မြို့ပြရပ်ရွာဖြစ်အောင် စီမံဖော်စပ်တဲ့နေရာမှာ စုံနံ့သာမြိုင်ကို ဘယ်လူသားတွေမှ ကျော်အောင်လုပ်နိုင်မယ် မထင်ဘူး။ ။

mgyoe.com

mgyoe.com



# ထင်းသမား ကို လှမ်းသကား ဂျက်ကွမ်းခြောက်နေ

mgyoe.com

mgyoe.com



# ထန်းသမားကို လွမ်းသလား

## (တစ်)

ကျောင်းတို့၊ ကန်တို့၊ တန်ဆောင်းတို့၊ ပြာသာဒ်တို့ရဲ့ မနီးမဝေးအရပ်မှာ မြန်မာတို့ ပြောလေ့ပြောထရှိတဲ့ မိရိုးဖလာ ရိုးရာပုံပြင်ကလေးတွေ ရှိကြလေသဗျ။

အဲသမှာ ပုံပြင်ကလေးတစ်ပုဒ်ကို ခုရက်ထဲ ဘာရယ်မှန်းမသိ ခဏခဏ သတိရနေမိပြန်ပါရဲ့။ ပုံပြင်စတိုရီ (Story) ကလေးရဲ့နေရာက အညာမြေ ထန်းတောထဲမှာ။ အချိန်က ဟိုး... လွန်လေပြီးသောတစ်ခါက။ အဲဒါကို ကာလဒေသနောက်ခံ ဆက်တင် (Setting) ရယ်လို့ ပြောဆိုသမှုပြုလေ့ရှိကြတာပါ။ ထား။ ပညာပိုင်းဆိုင်ရာတွေ။

အဲ... စကားကို ပြန်ဆက်ကြစို့။ အဲသည့်တစ်ခါက အညာမြေ ထန်းတောထဲမှာ ထန်းတက်သမားတစ်ယောက် ရှိလေသတဲ့။ မယားကို သိပ်နိုင်တဲ့ ထန်းသမားလို့ ဆိုတာပါပဲ။ ညဦးဆဲလိုက်တာကလည်း ပြောမနေပါနဲ့တော့လို့ ဆိုရမယ့် လူစားတဲ့။ အပြစ်မရှိအပြစ်ရှာ မယားလုပ်သူခမျာ သူထိုင်ဆိုရင် ထိုင်၊ သူ ထဆိုရင် ထတဲ့။ ထန်းတက်သမားမို့ ထန်းရည်ကလေးကလည်း စွတ်ကယ်စွတ်ကယ် သောက်တတ်လေတော့ကာ မိန်းမလုပ်သူအပေါ် ဗိုလ်ကျအနိုင်ကျင့်တဲ့အခါ လက်ကလေးကလည်း မပါမဖြစ်တဲ့ ခင်ဗျ။ ဗုန်းခနဲ၊ အုန်းခနဲဆိုသလို မိန်းမရဲ့ကျောကုန်းကြီးကို ထုလိုက်တဲ့အခါ အောင်မယ်လေးတော့ရယ်လို့ မြည်တမ်းလိုက်တဲ့အသံဟာ မြိုင်ယံ

mgyoe.com

mgyoe.com


တစ်လွှားမှာ ပြိုင်စံရှားပါလေသတဲ့။ မျက်ရည်နဲ့ မျက်ခွက်။

အနို့နဲ့ လင်သားလုပ်သူရဲ့ ဆိုးမျိုးကိုခံပြီး သည်းခံလို့ ပေါင်းသင်းလာခဲ့ရာက ထန်းလျှောပါလေရော။ ဘယ်သူရှိရမတုံး။ သူ့လင် ထန်းသမားပေါ့။ အညာမှာ ထန်းပင်ပေါ်ကပြုတ်ကျပြီး အနိစ္စရောက်တာကို ထန်းလျှောတယ်လို့ ခေါ်တဲ့ဥစ္စာ။

ကာယကံရှင်တော့မသိ။ ပတ်ဝန်းကျင်ကဖြင့် ဝမ်းသာအယ်လဲဖြစ်လိုက်ကြတာ။ ထန်းသမားမယား ဝဋ်ကျွတ်ရှာပြီရယ်ပေါ့။ အထုအထောင်း၊ အရိုက်အနှက်၊ အညှဉ်းအဆဲက လွတ်ရှာပြီရယ်ပေါ့။

အဲ... မကြာပါဘူး။ ထန်းလျှောသူကြီးရဲ့ အသုဘကိစ္စဝိစ္စတွေပြီးလို့ ရက်ကလေးလည်း အတန်အသင့်ရလာရော မယားဖြစ်သူက သွားလေသူ ထန်းသမားကို တတပြီး ငိုရှာလေသတဲ့။ တတာကလည်း ရိုးရိုးမဟုတ်။ ပလေးဘက် (Play-Back) ခေါ် နောက်ကြောင်းပြန်ကလေးနဲ့။

"ဩော်... ဒီအချိန်ဆို
တော် ကျုပ်ကျောကုန်းကို
အုန်းခနဲ
အုန်းခနဲ
ထုထုပြီး
နှိပ်စက်တဲ့ အချိန်လေ
သွားလေသူရဲ့"
"လက်ပံပင်မှာ
ဆက်ရက်တွေညံလို့
ခုလိုအချိန်ပါ
တော် ကျုပ်
ရင်ဝကို
ခြေထောက်နဲ့
ဆောင့်ကန်တာ
မမေ့နိုင်ဘူး

mgyoe.com

mgyoe.com


သွားလေသူရဲ့"
"သခွတ်တွေ
ပွင့်ပြန်ပြီလေ
သခွတ်ပွင့်သုပ်ကို
ခါးတယ်ဆိုပြီး
တော် ကျုပ်ကို
ရိုက်တာလေ
ခု လာရိုက်ဦးလေ
သွားလေသူရဲ့"

အနို့ကလို သို့လို စိတ်အခံတွေနဲ့ အတိတ်ကိုလှန်ကာ ငိုတဲ့အသံကို ကြားကြတော့ ပတ်ဝန်းကျင်က ပြုံးကြလေသတဲ့။ သြော်... ကိုယ် အထု အထောင်းခံရတာကို သတိရပြီး မမေ့တဲ့နိုင်ဖြစ်ရတဲ့ဘဝ။ ရိုးရာပုံပြင်။

ဘာထူးတုံး။ အခု စုံနံ့သာမြိုင်ရဲ့အဖြစ်က ဟိုး... အတိတ်ကသတ္တဝါကြီးတွေကို ပြန်ပြန်ပြီးသတိရနေကြရတဲ့ အဖြစ်က သွားလေသူကြီးတွေကို ယနေ့တိုင် မမေ့နိုင်ကြရတဲ့ ဖြစ်ရပ်စုံ။ တကယ့်ကို ပုံပြင်ထဲက ထန်းသမား မယားအတိုင်း။

(နှစ်)

စုံနံ့သာမြိုင်မှာ တောလီဒါတစ်ဆက် ပြောင်းခဲ့တာ ကြာပဲကြာလှပေါ့။

အနားယူသွားတဲ့ သတ္တဝါကြီးတွေ ပြန်ကြည့်တော့ ခြင်္သေ့ကြီးလည်းပါ၊ ဆင်ကြီးလည်းပါ၊ ကျားကြီးလည်းပါ၊ မြွေခွေးလည်းပါ၊ ဝံပုလွေလည်းပါ။ အင်နဲ့အားနဲ့၊ အစွယ်နဲ့ အဆိပ်နဲ့ အန္တရာယ်ပေးတတ်တဲ့ အကောင်တွေချည်းပဲ။

အခု တောက အဲသည့် သွားလေသူသတ္တဝါကြီးတွေကို မကြာခဏ ဆိုသလို တတပြီး လွမ်းနေကြရလေသတဲ့။

အသားနီစပ်စပ်နဲ့ လူတစ်စု စာရွက်စာတမ်းတွေကိုင်ကာ တောထဲ ဝင်လာပြီး မြစ်ကို သူတို့ဝယ်ထားပြီးဖြစ်လို့ လုပ်စရာကိုင်စရာ ရှိတာလေး

mgyoe.com

mgyoe.com


တွေ မကြာမီလုပ်တော့မယ့်အကြောင်း ပြောလာတော့ တောသတ္တဝါကလေးတွေက ပထမကြောင်နေကြသေးတာ။ လူတွေက စာချုပ်စာတမ်းတွေ ထုတ်ပြတော့မှ ဟုတ်တယ်ခင်ဗျ။ ယခင် လီဒါတစ်ကောင်ဖြစ်တဲ့ ခြင်္သေ့က တောပိုင် မြစ်ကြီးကို လက်မှတ်ထိုးပြီး ရောင်းထားတဲ့စာချုပ်ဖြစ်နေတာ။ တောသတ္တဝါကလေးတွေခမျာ ငြိမ်ကျသွားပါလေရော။

အဲသမှာ သွားလေသူခြင်္သေ့ကြီးကို တတပြီး တိရစ္ဆာန်ကလေးတွေ ငိုကြရတာ။ စုံနံ့သာမြိုင်ကိုဖြတ်သွားတဲ့ မြစ်ကြီးကိုကြည့်လိုက်၊ အရောင်းအဝယ် စာချုပ် လက်မှတ်ထိုးသူ ခြင်္သေ့ကြီးကို တလိုက်။

ကျားကကျတော့ တောင်ကိုရောင်းထားတာ။ နှာခေါင်းတိုတိုနဲ့ လူတွေ တောင်ကြီးကို ဖြိုနေတဲ့အချိန်မှာ တိရစ္ဆာန်ကလေးတွေက မလုပ်ပါနဲ့ ဆရာတို့ရယ်ဆိုပြီး တားသေးတာ။ အဲသမှာ တစ်ဦးသော နှာခေါင်းတိုက စာချုပ်တစ်ခု ထုတ်ပြတာ။ တောင်အရောင်းအဝယ်စာချုပ်။ လက်မှတ်ထိုးထားတဲ့ သတ္တဝါက ကျား။ ပုံ တိုက်ဂါး (Tiger) တဲ့။ တောအစိုးရအဖွဲ့ဝင်ဆိုတာလည်း ပါရဲ့။ ဘာမှမတတ်နိုင်ဘူး။

နောက်တော့ အပိုင်းပိုင်း အထစ်ထစ်ဖြစ်နေတဲ့ တောင်တန်းကြီးတွေကို ကြည့်လိုက်၊ ရောင်းသွားတဲ့ သွားလေသူကျားကြီးကို တပြီး သတ္တဝါကလေးတွေ ငိုလိုက်။

ပြောင်လုလုတောကြီးကို ကြည့်ကာ တောရောင်းစာချုပ် လက်မှတ်ထိုးတဲ့ ဆင်ကြီးကို သတိရလိုက်၊ တောစားကျက်မြေတွေကို လက်မှတ်ထိုးရောင်းသွားတဲ့ မြေခွေးကို သတိရလိုက်၊ တောအလှရေတံခွန်ကြီးကို လက်မှတ်ထိုး ရောင်းသွားတဲ့ ဝံပုလွေကို သတိရလိုက်။

## (သုံး)

ထုထောင်းနှိပ်စက်တတ်တဲ့ သွားလေသူထန်းသမားကို လွမ်းနေသော ထန်းသမားမယားပုံပြင်ကို နားဆင်ကာ လူတွေကသာ ပြုံးကြတာ။ တောသတ္တဝါတွေက မပြုံးဘူး။ တအားကြိုက်။

ငါတို့နဲ့ ခပ်ဆင်ဆင်ရယ်ဆိုလား။ ။

mgyoe.com

mgyoe.com



# တောနဲ့ဝေးရာ၌ နဖူးနဲ့ဒူးကို တိုက်ကြခြင်း

(တစ်)

မနက်မလင်းလိုက်နဲ့။ လင်းပြီဆိုတာနဲ့ စားပွဲခုံပေါ်ကို လှမ်းကြည့်လိုက်။ အဲသည်မှာ ဖိတ်စာ တစ်စောင်မဟုတ် တစ်စောင်ဖြင့် ရောက်နှင့်ပြီးသားပဲ။

ဟုတ်တယ်။ စုံနဲ့သာမြိုင်လို့ အမည်ပေးထားတဲ့ တောသတ္တဝါမျိုးစုံ တို့ စုဝေးနေထိုင်ကြတဲ့ ရဂုံကြီးအတွင်းမှာ လုပ်လိုက်ကြတဲ့ပွဲတွေ၊ လမ်းတွေ ဆိုတာ ပြွတ်သိပ်ရှုပ်ထွေးလို့။ နေ့တိုင်းလိုလိုခင်ဗျ။ စားစရာသာရှိချင်မှရှိ တာ။ ပွဲလမ်းတွေကဖြင့် အမြဲတမ်းဆိုသလို ဝဲလ်ကမ်း (Welcome) တဲ့။

ဟိုးအတိတ်ရဲ့ ရက်စွဲတွေတုန်းကများဆိုရင် မီတင် (Meeting) ဆိုတဲ့ စကားကလေးတောင်မှ ကြားရဖို့ခက်ခဲလှပါဘိ။ တောထဲမှာ အစည်း အဝေးလုပ်ပြီဆိုတာနဲ့ တိရစ္ဆာန်ကြီးတွေ တိရစ္ဆာန်တိုက်ပုံကြီးတွေဝတ်၊ တိရစ္ဆာန် လက်ဆွဲအိတ်ကြီးတွေဆွဲ၊ တိရစ္ဆာန် ရင်ထိုးကြီးတွေထိုးကာ တိရစ္ဆာန်စားကောင်းသောက်ဖွယ်ရာတွေ သုံးဆောင်ပြီးတာနဲ့ အစည်းအဝေး ခန်းထဲမှာ ကိုယ်စီကိုယ်င ငိုက်မျဉ်းလိုက်ကြတာများ ဆိုတာ။ ရှေ့က ကြေး ကြော်သံတွေတိုင်ပေးတဲ့ အချိန်ရောက်တော့မှ မျက်ကလဲဆန်ပျာနဲ့ လန့်နိုး လာကာ တို့အရေး တို့အရေး တို့၊ အောင်ရမည် အောင်ရမည်တို့ကို ဘာမှန်း မသိ၊ ညာမှန်းမသိ စွတ်အော်ကာ လက်မှတ်ကလေးထိုး၊ နေ့တွက်စရိတ် ကလေး ထုတ်ယူပြီးတဲ့သကာလ ပြန်ကြရတာ။

mgyoe.com

mgyoe.com


ဘာပဲဖြစ်ဖြစ် အဲသည်အတိတ်အချိန်တုန်းကဖြင့် အစည်းအဝေး လုပ်တယ်ဆိုတာဟာ ရံဖန်ရံခါကိစ္စသာဖြစ်ပြီး အနီးအစည်းအဝေးမှာ တက် ရောက်ခွင့်ရဖို့ ဆိုတာကလည်း ဒုလ္လဘတရားတစ်ခုရယ်ပါ။ လမ်းပေါ်မှာ များ သတ္တဝါတစ်ကောင်ကောင်က လက်ဆွဲအိတ်ကို ဟန်ကျပန်ကျဆွဲကာ မီတင် (Meeting) သွားမလို့ဟလို့ ဆိုလိုက်တာနဲ့ ကြားကြားသမျှသော သတ္တဝါတို့ ဖျားသွားကြစမြဲပါ။ သွားမလုပ်နဲ့၊ အဲသဟာ ငါတို့တောကို ဘက်ပေါင်းစုံက အောက်ကျနောက်ကျဖြစ်အောင်လို့ စီမံခန့်ခွဲနေတဲ့ သတ္တဝါ ကြီး၊ တကယ့်အကောင်ဆိုတဲ့ သဘောနဲ့ လန့်သွားကြရ၊ ဟန့်သွားကြရ စမြဲပါ။

အဲ... အခုအခါသမယကကျတော့ ခေတ်သစ်။ တောမှာ နေ့တိုင်းလို လို အစည်းအဝေးရှိတယ်။ သတ္တဝါတိုင်း၊ သတ္တဝါတိုင်း အစည်းအဝေး တစ်ခုမဟုတ် တစ်ခုကတော့ တက်နေတဲ့အကောင်တွေချည်းပဲ။

နာမည်တွေကလည်း ဆန်းပြားလို့ ခမ်းနားလာလိုက်ကြတာ။ အစည်း အဝေးလို့ရယ်တောင်မှ ခေါ်သူမရှိကြတော့။ ဘာတဲ့ ဖိုရမ် (Forum) ဆိုလား။ ဘာတဲ့... ဝပ်ရှော့ (Workshop) ဆိုလား။ ဘာတဲ့... ဆီမီနာ (Seminar) ဆိုလား။ စည်းဝေးတာကတော့ စည်းဝေးနေကြတာတွေချည်း။

## (နှစ်)

တိရစ္ဆာန်တွေနဲ့ လုံးလားထွေလားရှိသူ ဆရာကြီးဂျက် ပွဲတိုင်းလိုလို အဖိတ်ကြားခံရစမြဲပါ။

တိရစ္ဆာန်အမျိုးသမီးငယ်များ ဘဝလုံခြုံမှုစောင့်ရှောက်ရေး ဖိုရမ်။ ကျောင်းပြင်ပ တိရစ္ဆာန်ငယ်များ၏ ပညာရေးဝပ်ရှော့။ တိရစ္ဆာန်အိုကြီးများ ဘဝငြိမ်းချမ်းမှု ဆီမီနာ။ တိရစ္ဆာန်အချင်းချင်း အမျက်မရှိ ချစ်သောမျက်စိ ဖြင့် ကြည့်ကြရေး ဆီမီနာ။ စုံနံ့သာမြိုင် မြစ်ချောင်းအင်းအိုင်များ ထာဝရ မခန်းခြောက်ရေး ဝပ်ရှော့။ တောနေကျေးငှက်သာရကာများ၏ ရိုးရာဂီတ တေးသီချင်းများ ထိန်းသိမ်းမှုဖိုရမ်။ ဒေသထွက်ဆေးဖက်ဝင် နွယ်မြက်သစ် ပင်များ ပြပွဲကျင်းပရေး ဆီမီနာ။ တောလုံးကျွတ် တွေ့ကရာမစင်မစွန့်ရေး

mgyoe.com

mgyoe.com


ပရောဂျက်ဖိုရမ်။ အမုန်းစကားတို့ လုံးပါးပါးရေး လှုပ်ရှားမှုဝပ်ရှော့။

စကားလုံးထည်ထည်ကြီးတွေနဲ့ တအားသုံးပြီး ဖိတ်ကြားလာတိုင်းမှာ ဂျက်ကွမ်းခြံကုန်းက တက်ရောက်ခဲ့ရစမြဲပါ။

ဟော… အခုမနက်လည်း အိပ်ရာကထထချင်း လှမ်းကြည့်လိုက်တော့ စားပွဲပေါ်မှာ ဖိတ်စာတစ်စောင်။

ထုံးစံအတိုင်း သို့… ဆရာကြီး ဂျက်ကွမ်းခြံကုန်းပဲပေါ့။ မပျက်မကွက် တက်ရောက်ပါရန်ပဲပေါ့။ ပွဲက ရသထွေထွေရာရာနဲ့ လုပဝေဆာသည့် တောဖြစ်လာစေရေး ဝပ်ရှော့တဲ့။

ဂျက် မျက်လုံးပြူးသွားမိတာက ပွဲကျင်းပမယ့်နေရာ။ မြတ်စွာဘုရား ဘယ့်နှာသို့ နေရာကြီးပါလိမ့်။

လကမ္ဘာ… တဲ့ ခင်ဗျ။

ကိုယ့်မျက်လုံးကိုယ်မယုံတာကြောင့် အသာကလေးပွတ်က နောက်တစ်ခေါက် ပြန်ကြည့်မိပြန်ပါတယ်ခင်ဗျ။ ပွဲလုပ်မယ့်ရက်တွေ၊ အချိန်တွေက ပြဿနာမရှိ။ ရိုးရိုးတန်းတန်း။ ဘယ့်နှာမှ မထူးဆန်း။ နေရာက ထူးဆန်းနေတာ။ ဟုတ်သဗျ လကမ္ဘာ။ နိုင်ငံတကာ အာကာသအေဂျင်စီနဲ့ ချိတ်ဆက်ကာ လကမ္ဘာသွား ဒုံးပျံနဲ့လဆင်းယာဉ်တွေ ဘာတွေကိုတောင်မှ ငှားရမ်းထားပြီးခဲ့လေပြီတဲ့။

နောက်ဆုံးဘယ့်နှာမှ အောင့်အည်းသည်းခံလို့ မရတော့တဲ့အဆုံး ပြည်တော်ချစ် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းကြီးဟာ လက်ကိုင်ဖုန်းကလေးကို ကောက်ကိုင်ကာ ဖိတ်ကြားသူ သတ္တဝါဆီကို လှမ်းပြီး ဆက်သွယ်စုံစမ်းမေးမြန်းမိပါရဲ့။

## (သုံး)

ဖုန်းကိုင်သူက ဖျံခင်ဗျ။ ရသထွေထွေရာရာနဲ့ လုပဝေဆာသည့် တော ဖြစ်လာစေရေး၊ ဝပ်ရှော့ကျင်းပရေး အထွေထွေအတွင်းရေးမှူး ဆိုလား။

"အနို့ မစ္စတာဖျံရဲ့ လုပ်မှာက တောထဲမှာ ရသစာပေထွန်းကားဖို့

mgyoe.com

mgyoe.com


အဲသဟာ အနှီဝပ်ရှော့ကို လကမ္ဘာပေါ်မှာ သွားလုပ်စရာလိုသလားဗျာ"

သို့ကလို ဂျက်ကွမ်းခြံကုန်း မေးမြန်းသမှု ပြုမိပါရဲ့။ ဖျံက တဟားဟား ရယ်နေသေးတာ။ ပြီးမှ...

"ဂျက် ဆရာရေ တောကြီးဖွံ့ထွားဖို့က နိုင်ငံတကာ NGO ငွေတွေ၊ INGO ငွေတွေနဲ့ လုံးပန်းနေရတာ ခုနောက်ပိုင်း တောကလုပ်တဲ့ ဖိုရမ်တို့၊ ဝပ်ရှော့တို့၊ ဆီမီနာတို့က တောထဲမှာ မလုပ်ကြတော့ဘူး။ ပုဂံမှာသွားလုပ်ကြ၊ ပုပ္ပါးမှာသွားလုပ်ကြ၊ ငပလီမှာသွားလုပ်ကြ၊ ဧဝရက်တောင်မှာ၊ ဟိမဝန္တာမှာ၊ မိယာမီကမ်းခြေမှာ ကြိုတင်ကာ ဘွတ်ကင် (Booking) တွေ လုပ်လို့ အဲသဟာကြောင့် သူများထက်မြင့်အောင် လကမ္ဘာကို ရွေးချယ်လိုက်တာ" တဲ့။

တောသတ္တဝါကလေးတွေ ထိပ်တန်းရောက်စေဖို့တဲ့။ တောဖိုရမ်၊ တောဝပ်ရှော့၊ တောဆီမီနာ။ အခုလောလောဆယ်မှာတော့ တက်ရောက်လာကြတဲ့ သတ္တဝါတွေက ထိပ်တန်း။ စားသောက်နေထိုင်လျှောင်းစက်။ လပေါ်ကကို မဆင်းချင်တော့တာ။ ။

mgyoe.com

mgyoe.com



mgyoe.com